**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

**အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ**


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၀၃)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ ကြာသပတေးနေ့




ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

## ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ ကောင်းမှုကုသိုလ်များပြုလုပ်

နေပြည်တော် ဇူလိုင် ၂၉

ဝါဆိုလပြည့်နေ့သည် သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာဟူသော ထူးမြတ်သည့် ဂုဏ်ဒြပ်လေးရပ်နှင့် မင်္ဂလာရှိပြီး မြင့်မြတ်သော လပြည့်နေ့ဖြစ်သည့်အပြင် ဗုဒ္ဓမြတ်စွာ ဘုရားဖြစ်ကြောင်းဝန်ခံသောနေ့ ဖြစ်ခြင်း၊ တရားရတနာစတင်ပေါ်ပေါက်လာသောနေ့ဖြစ်ခြင်း၊ သံဃာရတနာစတင်ပေါ်ပေါက်လာသောနေ့ဖြစ်ခြင်း၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသောနေ့ဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ဟေဝိတက္ခဟူသောစကားကို

စာမျက်နှာ ၁၆ ကော်လံ ၁ ➤

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် လုံးတော်ပြည့် ရောင်တော်ဖွင့် ဆေးသက်နှင်းကပ်လှူပြီးစီး

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများ တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ယခုအခါ လုံးတော်ပြည့်ရောင်တော်ဖွင့် ဆေးသက်နှင်း ဒုတိယအကြိမ် ကပ်လှူပြီးစီးပြီဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဒုတိယအကြိမ် လုံးတော်ပြည့် ရောင်တော်ဖွင့် ဆေးသက်နှင်းကပ်လှူပြီးစီးအောင်မြင်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ရာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ

စာမျက်နှာ ၅ ကော်လံ ၁ ■









**ဆောင်းပါး**

**ဝါသီးနှံမျိုးစေ့အကြောင်း တောင်သူများအတွက် တစေ့တစောင်း**


စာ - ၁၃ သို့

## မုတ်သုံလေအားကောင်းနေခြင်းကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၉

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း

စာမျက်နှာ ၅ ကော်လံ ၁ ▼




## အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် ပညာသင်ယူတက်ရောက်နိုင်ရေး အသိပညာပေးဟောပြော

စာ - ၆ သို့

## ဖလမ်းမြို့နယ်ရှိ ဒေသခံပြည်သူများအတွက် လိုင်ဗားဆည်ရေလှောင်တမံမှ သောက်သုံးရေကို ဂါလန်တစ်သိန်းဆံ့ ပင်မရေလှောင်ကန်လေးလုံးဖြင့် ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၉

ဖလမ်းမြို့ရှိ လိုင်ဗားဆည်ရေလှောင်တမံမှရေကို မြို့အတွင်းရှိရေလှောင်ကန်များသို့ Syphon စနစ်ဖြင့် သောက်သုံးရေပေးဝေလျက်ရှိသည့် ရေပိုက်လိုင်းများ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကျိုးပေါက်ပျက်စီးခြင်း၊ ရေစုပ်စက်နှင့်ဆက်စပ်ပစ္စည်းများ ပျောက်ဆုံးပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများ သောက်သုံးရေပြန်လည်ရရှိစေရေးအတွက် တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကာလအတွင်း အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ ဒေသခံပြည်သူများအတွက် သောက်သုံးရေများကို ဂါလန်တစ်သိန်းဆံ့ ပင်မရေလှောင်ကန်လေးလုံးဖြင့် ဖြန့်ဝေနေပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၄ ➪

**အသက် ၁၁၈ နှစ်ရှိ အဘွားဒေါ်ဖာတမာအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သွားရောက်ဂါရဝပြုတွေ့ဆုံ**

စာ - ၁၂ သို့

..................

**ကျန်းမာရေးဆောင်းပါး**

**ဆီးလွန်ရောဂါနှင့် မင်းကွတ်သီးဓာတ်စာ**

စာ - ၈ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၀ ရက်)

# နိုင်ငံတော်အတွက် အိပ်မက်တစ်ခုကိုအကောင်အထည်ဖော်ခြင်း

နိုင်ငံတော်အစိုးရ၏ရက် ၁၀၀ စီမံချက်ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများအလိုက် နေ့မအားညမအားဆောင်ရွက်လျက်ရှိရာ အဆိုပါကာလအတွင်း မြန်မာအာကာသအေဂျင်စီ (MSA)က ဆောင်ရွက်ပြီးစီးခဲ့သည့်နည်းပညာလုပ်ငန်းများအပ်နှံခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိမြန်မာအာကာသအေဂျင်စီ (MSA)၌ ဇူလိုင်လ ၂၇ ရက်ကကျင်းပခဲ့သည်။ နိုင်ငံတော်နှင့်ပြည်သူများအတွက်အလွန်ပင်ထမ်းသာဂုဏ်ယူဖွယ်ကောင်းသည့်သတင်းကောင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံတိုင်းအနေဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်နည်းပညာဆိုင်ရာတိုးတက်မြင့်မားစေရေးအတွက် အိပ်မက်များ၊ရည်မှန်းချက်များကိုယ်စီရှိကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အာကာသနည်းပညာနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် စိတ်ကူးများ၊ ရည်မှန်းချက်များရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာအာကာသအေဂျင်စီ (MSA)ကဆောင်ရွက်ပြီးစီးခဲ့သည့် နည်းပညာလုပ်ငန်းများအပ်နှံခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းအခမ်းအနားတွင် သုံးသပ်လမ်းညွှန်အမှာစကားပြောကြားစဉ် **"အာကာသနည်းပညာဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည့်စက်ပစ္စည်းများ၊ အခြေခံအဆောက်အဦများ၊ လူသားအရင်းအမြစ်များဖြည့်တင်းရေးနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အကောင်းဆုံးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာမှုများအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည်နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည်ဖြစ်သဖြင့် အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေသိရှိနားလည်ရမည်၊ အကျိုးရှိအောင်အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် ကမ္ဘာပေါ်တွင်ဖြစ်ပေါ်နေသည့် ပထဝီမြေပြင်ပြောင်းလဲမှုဆိုင်ရာများ၊ မီးတောင်များပေါက်ကွဲခြင်း၊ ရေကြီးခြင်း စသည့်သဘာဝဘေးအန္တရာယ်များကိုအာကာသနည်းပညာအသုံးပြု၍ အသေးစိတ်အချက်အလက်များအားသိရှိနိုင်ကြောင်း၊ ထိုသို့ဂြိုဟ်တုများအသုံးပြု၍ သုတေသနလုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် ကမ္ဘာမြေပြင်အတွက်များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ မြေပြင်အချက်အလက်များကို အာကာသတွင်းရှိ ဂြိုဟ်တုများမှရရှိသည့်အချက်အလက်များနှင့်ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာကာသနည်းပညာကို မိမိတို့အနေဖြင့်မဖြစ်မနေအသုံးချနိုင်ရမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

အာကာသနည်းပညာများတိုးတက်လာခြင်းဖြင့် နိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ နိုင်ငံတော်၏ရေရှည်အကျိုးကိုကြည့်၍ မြန်မာနိုင်ငံ၏အာကာသနည်းပညာမြင့်မားတိုးတက်လာစေရန် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပံ့ပိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် အောင်မြင်မှုများ ရရှိခြင်းဖြစ်သည်။ အာကာသအတွင်းသို့ ဂြိုဟ်တုလွှတ်တင်နိုင်ရေးသာမက အာကာသယာဉ်မှူးများကိုလည်း စေလွှတ်နိုင်ရန်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်ကိုပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် ရရှိလာမည့် အသိပညာ၊ နည်းပညာနှင့် အချက်အလက်များသည်လည်း နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကိုလည်း နိုင်ငံတော်အနေဖြင့်စဉ်ဆက်မပြတ်မွေးထုတ်ပေးရမည်ဖြစ်သည်။ အာကာသဗဟုသုတနှင့် နည်းပညာဆိုင်ရာပြိုင်ပွဲများ၊ ပြပွဲများကျင်းပပြုလုပ်ပေးခြင်း၊ အာကာသပြတိုက်အားခေတ်နှင့်အညီ စဉ်ဆက်မပြတ်အဆင့်မြှင့်တင်ခြင်းတို့ဖြင့်လည်း အာကာသနည်းပညာကိုစိတ်ပါဝင်စားမှု မြင့်တက်လာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်သည့် ပြည်ပနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များရောက်ရှိစဉ် သိပ္ပံနည်းပညာရပ်များဖြစ်သည့် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒတို့နှင့်ပတ်သက်၍ ပညာတော်သင် သင်တန်းသားများစေလွှတ်ခွင့်ရရှိရေးအတွက် အလေးအနက်ထားဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ ဘာသာရပ်တို့နှင့်ပတ်သက်၍ ပညာတော်သင်ဆုများပေးအပ်ပြီး နိုင်ငံအတွက်လူသားအရင်းအမြစ်ကောင်းများ စဉ်ဆက်မပြတ်မွေးထုတ်ပေးရမည်ဖြစ်သည်။ အလားတူ စီးပွားရေး၊ ဥပဒေပညာရပ်များနှင့်ပတ်သက်၍လည်း ပညာသင်ထူးချွန်ဆုများပေးအပ်မည်ဖြစ်သည်။ ယခုထက်ပိုမိုဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များ၊ စက်ပစ္စည်းကိရိယာများ၊ အခြေခံအဆောက်အဦများကိုလည်း ဆက်လက်ဖြည့်ဆည်းတည်ဆောက်ပေးမည်ဖြစ်သည်။ အာကာသနည်းပညာတိုးတက်ရေးသည် နိုင်ငံ၏ဂုဏ်သိက္ခာဖြစ်သည်။ မြန်မာအာကာသအေဂျင်စီဖွဲ့စည်းနိုင်မှုနှင့်လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးနေမှုများသည် နိုင်ငံတော်အတွက် အိပ်မက်တစ်ခုကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြစ်ပေရာ နိုင်ငံတော်နှင့်ပြည်သူများအတွက် ဝမ်းသာဖွယ်သတင်းကောင်းအဖြစ် ဂုဏ်ပြုအပ်ပါသည်။ ။

# ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရား၌ ဘုရားဖူးပြည်သူများစည်ကား

ကျောက်ဆည် ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မဟာဆုတောင်းပြည့်ရွှေသိမ်တော်ဘုရား၊ တမုတ်ရွှေဂူကြီးဘုရား၊ ရွှေသာလျောင်း ဆုတောင်းပြည့်ဘုရား၊ ရွှေဆပ်သွားဘုရား စသည့်လူသိများထင်ရှားသည့် တန်ခိုးကြီးဘုရားများရှိပြီး ဇူလိုင်လ ၂၉ ရက် (ဝါဆိုလပြည့်နေ့)တွင် ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား၌ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်။

ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားသည် ကျောက်ဆည်မြို့၏မြောက်ဘက် နှစ်မိုင်ခန့်အကွာ သင်တောင်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးတွင်တည်ရှိပြီး ၁၁ ရာစုခန့်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ဘုရားတစ်ဆူဖြစ်ပြီး ရှင်အရဟံမထေရ်မြတ်မှစေတီတော်၊ ရုပ်ပွားတော်နှင့် သိမ်တော်ကိုသိမ်သမုတ်ပေးသည်။ မူလစေတီတော်သည် အရွယ်အစားငယ်ပြီး နောက်ပိုင်းတွင် ကျေးရွာပြည်သူများနှင့် ကုသိုလ်ရှင်များမှအကြိမ်ကြိမ်ကုသိုလ်ပြုပြုပြင်မွမ်းမံခဲ့ရာ ယခုအခါ လွန်စွာသပ္ပာယ်သည့် ဘုရားတစ်ဆူဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# အသေးစားဓာတ်အားစနစ် Solar Mini-Grid ဖြင့် ကျေးလက်နေပြည်သူများ မိသားစုအပိုဝင်ငွေရရှိ

ဟင်္သာတ ဇူလိုင် ၂၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများအတွက် အဓိကလိုအပ်ချက်ဖြစ်သော ကျေးလက်ရေပေးရေးလုပ်ငန်းများ၊ ကုန်ထုတ်လမ်းတံတားလုပ်ငန်းများ၊ မဟာဓာတ်အားလိုင်းပြင်ပ အသေးစားလျှပ်စစ်မီးလင်းရေးလုပ်ငန်းများနှင့်အခြားကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဥသျှစ်ကုန်းကျေးရွာ၌ အသေးစားဓာတ်အားစနစ် Solar Mini–Grid ဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင်လ ၂၈ ရက်တွင် ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင် ဥသျှစ်ကုန်းကျေးရွာ၌ ကျေးလက်ဦးစီးဌာန၏ ရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် အသေးစားဓာတ်အားစနစ် Solar Mini–Grid လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမီးလင်းရေးအဖွဲ့ဝင်များအား Solar Mini–Grid ဆက်စပ်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထားထိန်းသိမ်းဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါဥသျှစ်ကုန်းကျေးရွာ၌အသေးစားဓာတ်အားစနစ် Solar Mini–Grid လုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် ကျေးလက်နေပြည်သူများသည် လျှပ်စစ်မီးအလင်းရောင်လုံလောက်စွာ ရရှိသည့်အပြင် TV၊ ရေခဲသေတ္တာ၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးပူ၊ ရေမော်တာ စသည်တို့ကိုအသုံးပြုနိုင်ခြင်း၊ မိသားစုအပိုဝင်ငွေတိုး အသေးစားစက်မှုလက်မှုလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်ကြောင်း သိရသည်။

**သန်းသန်းစိုး**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၂၆ (ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၁၀။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** |
| ၂။ | ၀၆:၄၅ | ဓမ္မပူဇာတေး | | | **မင်္ဂလာရှိတဲ့အရပ် အပိုင်း(၇)** |
| ၃။ | ၀၇:၃၀ | မြန်မာသံစဉ်ချိုနားဝင် | | | **သရုပ်ဆောင်-မြင့်မြတ်၊** |
| ၄။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | | | **အေးဝတ်ရည်သောင်း၊ နေဒွေး၊** |
| ၅။ | ၁၁:၂၅ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ | | | **နှယ်ဒါလီထွန်း** |
| ၆။ | ၁၁:၄၅ | လူတိုင်းကျန်းမာသိမှတ်စရာ | | | **ဒါရိုက်တာ-ဩရသ** |
| ၇။ | ၁၂:၅၀ | သီချင်းလက်ဆောင် | ၁၁။ | ညစဉ်နာရီ သတင်းအပြီး | နိုင်ငံတကာသတင်း |
| ၈။ | ၁၆:၅၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း | ၁၂။ | | အတွေးအမြင် |
| ၉။ | ၁၇:၅၀ | ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ | ၁၃။ | | ခရီးလည်းသွားစကားလည်းဆို |

Online Newspaper

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ် ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ရွှေတိဂုံစေတီတော်၌ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) ရွှေကြာသင်္ကန်းလှည့်လည်ပူဇော်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၁၃၈၈ ခုနှစ် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) ရွှေကြာသင်္ကန်းလှည့်လည်ပူဇော်ပွဲကို ဇူလိုင်လ ၂၉ ရက် နံနက်ပိုင်းမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ စေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များ၊ စေတီတော်ဝန်ထမ်းများနှင့် ဗုဒ္ဓဝေယျာဝစ္စအကျိုးဆောင်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ရင်ပြင်ညှော့ခံတန်ဆောင်း၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)အခမ်းအနားကိုကျင်းပသည်။

ထို့နောက် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း စုရပ်မှစတင်၍ ရွှေကြာသင်္ကန်းလှည့်လည်ပူဇော်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအကျိုးဆောင်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဝါဆိုရွှေကြာသင်္ကန်းတော်များကိုကိုင်ဆောင်၍ ရင်ပြင်တော်တစ်ပတ်လက်ယာရစ်လှည့်လည်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများက အလှူတော်ငွေများ လှူဒါန်းကြသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် စေတီတော်ရင်ပြင် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရားအား ဝါဆိုရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များနှင့် အလှူရှင်များက အာရုံခံတန်ဆောင်း မုခ်လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားတို့အား ဝါဆိုရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) ရေစက်ချမင်္ဂလာအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ တက်ရောက်လာကြသောညှော့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ဝါဆိုရွှေကြာသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူပြီး ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဝန်းရံ**

# မြစ်သားမြို့နယ် ငါးဆူကျေးရွာ၌ ရွှေဖလားမျိုးကြက်သွန်နီ ပျိုးထောင်စိုက်ပျိုးလျက်ရှိ



မြစ်သား ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံစိုက်ပျိုးအောင်မြင်ဖြစ်ထွန်း၍ ဒေသခံများက စပါး၊ ပဲ၊ ပြောင်းသီးနှံများအပြင် စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်များကိုလည်း စိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် ရွှေဖလားမျိုးကြက်သွန်နီများကို စတင်ပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။

ကြက်သွန်နီ ပျိုးထောင်စိုက်ပျိုးရာတွင် သွင်းအားစုအနေဖြင့် တစ်ဧကစိုက်ပျိုးလျှင် မျိုးစေ့နှစ်ပြည်ပျိုးထောင်ရပြီး ပျိုးပင်သက်တမ်း ရက် ၃၀ မှ ၄၅ ရက်အတွင်း ပြောင်းရွှေ့စိုက်ပျိုးရကြောင်း၊ မြေပြင်ခြင်း၊ ရေသွင်းခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ ပျိုးနုတ်ခြင်း၊ ပြောင်းရွှေ့စိုက်ပျိုးခြင်းနှင့် မြေဩဇာ စသည်တို့အတွက် စိုက်ပျိုးစရိတ်ကုန်ကျမှုရှိကြောင်း မြစ်သားမြို့နယ် ငါးဆူကျေးရွာမှ ကြက်သွန်နီပျိုးထောင်စိုက်ပျိုးသည့် တောင်သူဦးကျော်စွာကပြောသည်။

မြစ်သားမြို့နယ်အတွင်း ဆည်ရွာ၊ ငါးဆူ၊ ရွှေကြာအင်း၊ တမတန်း၊ ကူဖြူ၊ လက်ပံဆိပ်နှင့် ထနောင်းကုန်းကျေးရွာတို့၌ မိုးကြက်သွန်နီစိုက်ပျိုးကြပြီး ဒေသခံတောင်သူများက ရေမြေသဘာဝ၊ စိုက်ပျိုးထွက်ရှိမှု၊ ဝယ်ယူစားသုံးမှုနှင့်ကိုက်ညီသော အထွက်ကောင်း ရွှေဖလားမျိုးကြက်သွန်နီများကို အဓိကထားစိုက်ပျိုးလျက်ရှိသည်။

မြစ်သားမြို့နယ်၌ စားဖိုဆောင်သီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရာသီမတိုင်မီကတည်းက စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သည့်စိုက်ပျိုးရေးနည်းပညာများနှင့် တခြားပံ့ပိုးမှုများကို စနစ်တကျ ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

# မိုးစပါးစိုက်ပျိုးရာသီတွင် Rice Export Zone ဆောင်ရွက်သည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေနှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်

မော်လမြိုင်ကျွန်း ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် Rice Export Zone စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေနှင့်သွင်းအားစုများ ပံ့ပိုးပေးအပ်ပွဲကို ဇူလိုင်လ ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အဆင့် Rice Export Zone လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် Rice Export Zone စီမံကိန်းသည် အရည်အသွေးမြင့် စပါးနှင့်ဆန်များ ထုတ်လုပ်တင်ပို့နိုင်ရေး၊ တောင်သူများ၏ ဝင်ငွေတိုးတက်စေရေးနှင့် နိုင်ငံတော်၏ ဆန်တင်ပို့မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အရေးပါသည့်စီမံကိန်းတစ်ရပ်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများနှင့်ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မှုဖြင့် တောင်သူများအတွက်လိုအပ်သော စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများကို အချိန်မီ ပံ့ပိုးပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ Rice Export Zone လုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက Rice Export Zone စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ တောင်သူများအတွက် ရရှိမည့်အကျိုးကျေးဇူးများနှင့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အဆင့် Rice Export Zone လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ လပွတ္တာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးမြင့်၊ မြို့နယ်အဆင့် Rice Export Zone လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ Rice Export Zone လုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် Strategy Win Trading Co., Ltd.၊ International Green Land Trading Co., Ltd. နှင့် Royal Galaxy Star Co., Ltd. တို့မှ တာဝန်ရှိသူများက Rice Export Zone စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများနှင့် စိုက်ပျိုးရေးသွင်းအားစုများ ပံ့ပိုးပေးအပ်ကြကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**



# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

မြတ်။ ။"ကျွန်တော့်သဘောတိုင်းသာဖြင့် ခင်စိန်ကြည်က ကောင်းပါပြီဆိုတဲ့နေ့ကပဲ ကျွန်တော်တစ်ခါတည်း ခေါ်ခဲ့ချင်တာပဲ၊ ဒီလိုခေါ်ခဲ့ရင်လည်း ခင်စိန်ကြည် စိတ်ချမ်းသာဖို့ပါပဲ"

ဝတ်လုံ။ ။"အလို... ဟုတ်မှဟုတ်ပါ့မလား မောင်၊ ဒါနဲ့ ပြောစမ်းပါဦး၊ ဘာပြုလို့တုံး"

မြတ်။ ။ "ကျွန်တော်သိသလောက် ပြောရရင် ဦး စိတ်မချမ်းသာပေဘူး"

ဝတ်လုံ။ ။ "ပြောသာပြောပါ၊ သိပါရစေ"

မြတ်။ ။"တစ်နေ့တော့ အမှုလိုက်ရင်း ရွှေဘိုရောက်တော့ ဦးတို့ ခင်စိန်ကြည်တို့ကပဲ ရောက်တဲ့အခါဝင်ပါလို့ ဖိတ်ထားတဲ့အတိုင်း ရောက်လို့မှမဝင်ဘူးဆိုတော့ ကျွန်တော်ရိုင်းရာကျမှာစိုးလို့ အိမ်ဝင်တော့ ခင်စိန်ကြည် နှိပ်စက်ညှဉ်းဆဲခံနေရတာ ကျွန်တော်သိရရော"

ဝတ်လုံ။ ။"ဘယ့်နှယ်ပြောတယ် မောင်၊ နှိပ်စက်ညှဉ်းဆဲခံနေရတယ်"

မြတ်။ ။"ကျွန်တော် မပြောချင်ပါဘူး ဦးရယ်၊ ပါးတောင် အချခံရရှာတယ်" ဟု ပြောရာ၊ ဝတ်လုံကြီးသည် အလွန်တရာ အံ့သြလျက်ရှိနေလျှင်-

မြတ်။ ။"ကျွန်တော် သိရတာမှာလည်း ဦးသားကလေးက တွတ်တီးတွတ်တာနဲ့ ပြောလို့သိရတာပါ၊ ခင်စိန်ကြည်ကတော့ ပြောတာမဟုတ်ပါဘူး၊ ကလေးကပြောတော့လည်း သူ့ခမျာ ဘယ်ကွယ်နိုင်တော့မလဲ၊ စဉ်းစားကြည့်ပါ ဦးရယ်၊ ခမျာမှာဖခင်သေပြီး အားကိုးရာမဲ့ဖြစ်ပြီးနေရှာတဲ့အခိုက်မှာ ဒီလိုဖြစ်ရတယ်ဆိုတာကြားရတော့ ဘယ်သူ မသနားဘဲ နေနိုင်ပါ့မလဲ၊ ကျွန်တော်လည်း ဒီလိုကြားရချင်း ခင်စိန်ကြည်အပေါ်မှာ အင်မတန်ကရုဏာအားကြီးလို့ ယူကျုံးမရဖြစ်ပြီး ဒီလိုအဖြစ်က လွတ်အောင်ကြံစည်မယ်လို့ အောက်မေ့မိတော့ ကျွန်တော်တတ်နိုင်တဲ့နည်းက ဒီတစ်နည်းပဲ ကြည့်လို့မြင်တယ်၊ ဒီတော့ ကျွန်တော် ဒီနည်းကိုပဲ ခင်စိန်ကြည်ကို ပြောပြရပါတယ်"

ဝတ်လုံ။ ။"ဒါဖြင့် မောင်သွားတုန်းတော့ ဒီလိုအကြံအစည်နဲ့သွားတာမဟုတ်ဘူးပေါ့လေ"

မြတ်။ ။"မကြံစည်မိပါဘူး ဦးရယ်၊ ဒီလိုကြားရတော့မှ ကျွန်တော် ရုတ်တရက်အကြံရပါတယ်"

ဝတ်လုံ။ ။"ဒါဖြင့် မောင်က ကြိုက်လို့မဟုတ်ဘူး၊ သနားလို့ပေါ့လေ"ဟု မေးပြန်လျှင် မောင်ထွန်းမြတ်သည် အနည်းငယ်ရှက်သောမျက်နှာဖြင့်-

မြတ်။ ။"ဒီဟာမျိုးဆိုတာ ယောက်ျားချင်းပြောလေ့ရှိတဲ့ဟာမျိုးလည်း မဟုတ်ပါဘူး ဦးရယ်၊ သို့သော် ဦးက မေးလို့ရှိမှ ပြောရတာပေါ့၊ ခင်စိန်ကြည်ကို ကျွန်တော်က သနားရုံမကပါဘူး၊ အစကတည်းကကိုကြိုက်လည်းကြိုက်မိပါတယ်၊ သို့သော် ကြိုက်လို့လည်း သေစေကာမူ ဒီလိုကြံစည်ဝံ့မယ် မဟုတ်ပါဘူး၊ ကံအားလျော်စွာ ရွှေဘိုရောက်သွားတော့ ဒီလိုအကြောင်းကြားရလို့သာ ကျွန်တော် ကြံစည်မိပါတယ်၊ ကျွန်တော်နဲ့မတန်ဘူးဆိုတာတော့ ကျွန်တော်သိပါရဲ့"

ဝတ်လုံ။ ။"ဟုတ်လည်း ဟုတ်သားပဲ"

မြတ်။ ။"သို့သော် စစ်ကဲသမီးနဲ့ရတဲ့ ရှေ့နေတွေတော့ အပုံပါပဲ ဦးရယ်"

ဝတ်လုံ။ ။ "သူ့ဖခင်လက်ထက်က နေထိုင်ခဲ့သလို မောင်က ထားနိုင်ပါ့မလား"

> **"ကျွန်တော်တို့ ရန်ကုန်ကပြန်ရင် စစ်ကဲကြီးနေသွားတဲ့အိမ်မှာပဲ နေရမှာပါပဲ၊ အစေခံတွေ၊ အခြွေအရံတွေတော့ အရင်ကလို မများနိုင်ပေဘူးပေါ့လေ၊ ဒီအကြောင်းတွေကို ကျွန်တော် ပထမကတည်းက ခင်စိန်ကြည်ကို ပြောပြပါတယ်၊ သူသဘောမတူဘူးဆိုရင် ငြင်းပယ်နိုင်ဖို့ အခွင့်လည်းရှိပါတယ်၊ ကျွန်တော့်မှာ စုဆောင်းပြီး ပစ္စည်းဘယ်လောက်ရှိတယ်၊ ကျွန်တော် တစ်လကို ဘယ်လောက်စီတယ်ဆိုတာ ဝတ်လုံကတော်ကြီးကိုလည်း ကျွန်တော်ပြောပြပါတယ်၊ ကျွန်တော် မနက်ဖြန်သေသွားမယ်ဆိုရင် ဘဏ်တိုးချည်းပဲ တစ်လ ၁၀၀ ကျော်ကျော်လောက် ခင်စိန်ကြည်ရဖို့ရှိ. . ."**

မြတ်။ ။ "ကျွန်တော်တို့ ရန်ကုန်ကပြန်ရင် စစ်ကဲကြီးနေသွားတဲ့အိမ်မှာပဲ နေရမှာပါပဲ၊ အစေခံတွေ၊ အခြွေအရံတွေတော့ အရင်ကလို မများနိုင်ပေဘူးပေါ့လေ၊ ဒီအကြောင်းတွေကို ကျွန်တော် ပထမကတည်းက ခင်စိန်ကြည်ကို ပြောပြပါတယ်၊ သူသဘောမတူဘူးဆိုရင် ငြင်းပယ်နိုင်ဖို့ အခွင့်လည်းရှိပါတယ်၊ ကျွန်တော့်မှာ စုဆောင်းပြီးပစ္စည်း ဘယ်လောက်ရှိတယ်၊ ကျွန်တော် တစ်လကို ဘယ်လောက်စီတယ်ဆိုတာ ဝတ်လုံကတော်ကြီးကိုလည်း ကျွန်တော်ပြောပြပါတယ်၊ ကျွန်တော် မနက်ဖြန်သေသွားမယ်ဆိုရင် ဘဏ်တိုးချည်းပဲ တစ်လ ၁၀၀ ကျော်ကျော်လောက် ခင်စိန်ကြည်ရဖို့ရှိပါတယ်၊ ဒီအကြောင်းများကို ဦးဆီ ကျွန်တော်ရေးတဲ့စာထဲမှာ ထည့်လိုက်ပါတယ်"ဟု ပြောရာ ဝတ်လုံကြီးသည် မောင်ထွန်းမြတ်၏စကားကိုကြားလျှင် အတန်ငယ်စဉ်းစားလျက်နေလေ၏။

ထို့နောက် မောင်ထွန်းမြတ်က "ဒီတော့ ဦးက ကျွန်တော့်ကို ပုန်းလျှိုးကွယ်လျှိုးနဲ့ ကြံစည်တယ်လို့စွပ်စွဲတာ ဦး နည်းနည်းအလျှင်မလိုပေဘူးလား" ဟုပြောလျှင် ဝတ်လုံကြီးသည် ထိုင်ရာမှထ၍ မောင်ထွန်းမြတ်အား လက်ပေးလျက်-

"ခုတင်တုန်းကတော့ မောင့်လက်ကို ကျုပ်မဆွဲဘဲ နေမိပါပေတယ်၊ အခုတော့ မောင်က ကျုပ်လက်ကို မဆွဲချင်ပေဘူးလား မပြောတတ်ဘူး၊ ကျုပ်က ကျုပ်မှားမှန်းသိရင် ဝန်ခံတတ်တဲ့လူတစ်ယောက်ပါ၊ ဒီတော့ စောစောက မောင့်ကို စွပ်စွဲမိသမျှ မှားပါတယ်လို့ဝန်ခံတဲ့အပြင် မောင်ပြုလုပ်ပုံများကို ကျုပ်က အပုံကြီးချီးမွမ်းပါတယ်"

"ခင်စိန်ကြည် ဟောဒီမယ် ငါကတွေ့စတုန်းကတော့ နင့်ယောက်ျားကို ထိုးမယ်တောင် ကြံမိတယ်၊ အခုတော့ မထိုးချင်တဲ့အပြင် သူ့ကိုချီးမွမ်းပြီး ပြန်ရပေတော့မယ်၊ ဒီလိုယောက်ျား အင်မတန်ရှားတယ်ဟဲ့နော်၊ ကြိုးစားပြီး သူ့သည်းညည်းခံ၊ သူ့ကိုပြုစုရစ်၊ ကဲ... ဦးလေးသွားဦးမယ် တူကြီးနဲ့တူမကြီး"

■ ■ ■ ■ ■

**အခန်း (၁၁)**

မောင်ထွန်းမြတ်နှင့် ခင်စိန်ကြည်တို့သည် ရန်ကုန်သို့ရောက်ကြ၍ အိမ်ထောင်ပစ္စည်းအနည်းငယ်နှင့် ခင်စိန်ကြည်အတွက် ဖဲထည်၊ ပိုးထည်၊ လက်ဝတ်လက်စားတို့ကို ဝယ်ပေးလေကြောင်း။ ထိုအခါ ရွှေတိဂုံဘုရားကိုဖူးမြော်၍ ကန်တော်ကြီး၊ တိရစ္ဆာန်ရုံ အစရှိသော ကြည့်ရှုဖွယ်ရာတို့ကိုကြည့်ရှုကြပြီးလျှင် ၁၀ ရက်လောက်ကြာသောအခါ သဘော်နှင့် မန္တလေးသို့ ပြန်ကြလေ၏။

မိမိတို့ရောက်မည့်နေ့ကိုလည်း အစ်မကြီး မဂျမ်းပုံထံ ကြေးနန်းရိုက်လိုက်ပြီးဖြစ်၍ ရောက်မည့်အချိန်တွင် မဂျမ်းပုံသည် အိမ်ပေါက်မှရပ်လျက် ကြိုနေသဖြင့် ဇနီးမောင်နှံနှစ်ယောက်တို့သည် ဝန်စည်စလယ်အမြောက်အမြားတို့ကို မြင်းရထားနှစ်စင်းပေါ်တွင်တင်၍ မော်တော်ကားဖြင့် ဝမ်းတွင်းသို့ ဝင်လာကြသည်ကိုမြင်လျှင် မဂျမ်းပုံမှာ တစ်လခန့်မျှကြာပြီဖြစ်သည်နှင့် စိတ်ဆိုးပြေသဖြင့် လွန်ပြီးအမှုကို ပြန်ပြော၍ အကျိုးမရှိဟု အောက်မေ့မိလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၁၀-၇-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၃၅၀ | ၃၄၉၀ | ၃၄၄၅ | ၃၃၆၅ | ၃၄၈၅ | ၃၅၁၀ | ၃၅၃၅ | ၃၄၃၀ | ၃၇၅၀ | ၃၇၉၀ | ၃၄၅၀ | ၃၅၅၀ | ၃၅၃၅ | ၃၄၈၅ | ၃၅၁၀ | ၃၇၅၀ |
| 95 Ron | ၃၄၆၀ | ၃၆၀၀ | ၃၅၅၅ | ၃၄၇၅ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၅ | ၃၅၄၀ | ၃၈၆၀ | ၃၉၀၀ | ၃၅၆၀ | ၃၆၃၅ | ၃၆၄၅ | ၃၆၀၅ | ၃၆၂၀ | ၃၈၆၀ |
| HSD (500 ppm) | ၃၅၆၀ | ၃၆၉၀ | ၃၆၅၀ | ၃၅၇၅ | ၃၆၈၅ | ၃၇၁၀ | ၃၇၃၅ | ၃၆၃၅ | - | ၃၉၈၀ | ၃၆၅၅ | ၄၀၈၀ | ၃၇၃၅ | ၃၆၈၅ | ၃၇၁၀ | ၃၉၄၀ |
| HSD (50 ppm) | ၄၃၁၅ | ၄၄၅၀ | ၄၄၁၀ | ၄၃၃၀ | ၄၄၅၅ | ၄၄၇၀ | ၄၅၀၀ | ၄၃၈၅ | ၄၇၁၅ | ၄၇၅၀ | ၄၄၁၀ | ၄၅၈၅ | ၄၄၈၅ | ၄၄၅၅ | ၄၄၇၀ | ၄၇၁၀ |
| HSD (10 ppm) | ၄၃၁၅ | ၄၄၅၀ | ၄၄၁၀ | ၄၃၃၀ | ၄၄၅၅ | ၄၄၇၀ | ၄၅၀၀ | ၄၃၈၅ | | ၄၇၅၀ | ၄၄၁၀ | ၄၅၈၅ | ၄၄၈၅ | ၄၄၅၅ | ၄၄၇၀ | ၄၇၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၁၆၇ | ၃၂၆၄ |
| 95 Ron | ၃၂၇၄ | ၃၃၇၃ |
| HSD (500 ppm) | ၃၃၈၀ | ၃၄၇၇ |
| HSD (50 ppm) | ၄၀၉၉ | ၄၂၁၀ |
| HSD (10 ppm) | ၄၀၉၉ | ၄၂၁၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

---

# မိုးညှင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား မိုးရာသီအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မိုးညှင်း ဇူလိုင် ၂၉

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မိုးညှင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘောနှင့် သံလုံးပစ် မိုးရာသီအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၈ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနား၌ အမျိုးသား၊ အမျိုးသမီး မီတာ (၁၀၀)၊ (၂၀၀) ပြေးခုန်ပစ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ(၁၀၀) အလျားခုန်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘောနှင့် သံလုံးပစ်ပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသည့် အားကစားသမားများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်နှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘောနှင့် သံလုံးပစ် မိုးရာသီအားကစားပြိုင်ပွဲများကို မိုးညှင်းခရိုင်အတွင်း ရွက်ပုန်းသီးကျောင်းသား၊ ကျောင်းသူ လူငယ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်၊ အားကစားမှတစ်ဆင့် မိမိတို့ မြို့နယ်၊ ပြည်နယ်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန်၊ ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများပေါ်ထွက်လာစေရန်နှင့် အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေမိုးညှင်း

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကိုနားလည်ဖို့လိုတယ်။ ဥပဒေကိုနားလည်ဖို့လိုတယ်။ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်။ ဒီလိုနဲ့ပေါင်းစပ်ပြီးလုပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့လိုပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြားချက်မှကောက်နုတ်ချက်)**



■ **ရှေ့ဖုံးမှအဆက်**

မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သံဃာတော်အရှင်သူမြတ်တို့က အခမ်းအနားအစီအစဉ်အတိုင်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းပူဇော်ကြသည်။

အခမ်းအနားအပြီးတွင်ကြွရောက်ချီးမြှင့်ကြသည့် ဆရာတော်၊ သံဃာတော်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်း၊ ဆီမီးနှင့်ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြကြောင်းသိရသည်။ **မြဝတီ**

## မြန်မာ-ဂျပန်နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာ-ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း အဖွဲ့ဝင်ဦးတင်ကိုကို၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဂျပန်နိုင်ငံ INGO peace ဥက္ကဋ္ဌ Mr. Nakazawa Hiroyuki တို့လည်း တက်ရောက်ကြသည်။

အဆိုပါ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်ကို သွားရောက် ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။ **မြဝတီ**



▼ **မုတ်သုံလေအားကောင်းမှုမှ**


ယနေ့နံနက်မှသြဂုတ်လ ၃ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**





## "မင်္ဂလာ-မျှော်လင့်ခြင်း လယ်ယာမြေ"ဖိုရမ် MRTV (ရန်ကုန်)တွင်ကျင်းပ



ရန်ကုန် ဇူလိုင် ၂၉

၂၀၂၆ ခုနှစ် မြန်မာ-တရုတ် Twin City မီဒီယာဖိုရမ်နှင့် မြန်မာ-တရုတ်ယဉ်ကျေးမှုဖလှယ်ရေးရက်သတ္တပတ်အစီအစဉ်တစ်ခုအဖြစ် "မင်္ဂလာ-မျှော်လင့်ခြင်း လယ်ယာမြေ" ဖိုရမ်ကိုယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (Studio A)၌ ကျင်းပသည်။

ဖိုရမ်တွင် "တောတောင်လယ်မြေ စကားမဆိုသော်လည်း ရိတ်သိမ်းမှုတို့ကောင်းနေဆဲ" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ယူနန်ပြည်နယ်ကွန်မြူနစ်ပါတီအတွင်းရေးမှူးနှင့် ယူနန်သတင်းစာလုပ်ငန်းစုဥက္ကဋ္ဌ ရန့်ယွမ်ကျန်းတို့က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသတွင်း နိုင်ငံတကာပြန်ကြားရေးစင်တာ(YICC) တို့ပူးပေါင်းပြီး ရိုက်ကူးထုတ်လုပ်ထားသည့် "မင်္ဂလာ-မျှော်လင့်ခြင်း လယ်ယာမြေ" ရုပ်သံအစီအစဉ်စတင်ထုတ်လွှင့်မှုအစီအစဉ်ကို ဒီဂျစ်တယ်နည်းလမ်းဖြင့်ဖွင့်လှစ်ပေးကြပြီး "မင်္ဂလာ-မျှော်လင့်ခြင်း လယ်ယာမြေ" အစီအစဉ် အပိုင်း(၁) "ဘလူးဘယ်ရီသီးနှင့် ချယ်ရီသီးစိုက်ခင်းများ"အစီအစဉ်(Program)ကို ပြသခဲ့သည်။ **မြဝတီ**

# ဝါဆိုလပြည့်နေ့တွင် မကွေးမြသလွန်စေတီတော်မြတ်ကြီး၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့်စည်ကား



မကွေး ဇူလိုင် ၂၉

မကွေးတိုင်းဒေသကြီး မကွေးမြို့ ကျက်သရေဆောင် မြသလွန်စေတီတော်မြတ်ကြီးတွင် ဇူလိုင်လ ၂၉ ရက် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မကွေးမြသလွန်စေတီတော်မြတ်ကြီးတွင် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးများတွင် အနယ် နယ် အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသကဲ့သို့ မင်းဘူးမြို့ရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများဖြစ်သည့် ရှင်ပင်စက္ကိန်းတဲစေတီ၊ ရှင်မင်းဘူးစေတီ၊ နဂါးပွက်တောင်တော်နှင့် ပွင့်ဖြူမြို့နယ်ရှိ စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီးတို့တွင်လည်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ



ဆရာတော်ထံ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၂၉

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ဓမ္မစရိယကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဿပ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဓမ္မစရိယကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက်တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက်တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သာသနာ့ဝေပုလ္လကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)

# ပဲခူးမြို့၌ မြန်မာစာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာစာသင် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲပြုလုပ်



ပဲခူး ဇူလိုင် ၂၉


ပဲခူးမြို့မြန်မာစာမြတ်နိုးသူများအဖွဲ့မှ ဦးဆောင်၍ ပဲခူးမြို့နယ်အတွင်းမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဘာသာရပ်၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာစာသင် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ ဂရင်းဒ်ဆိုရှယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာစာမြတ်နိုးသူများအဖွဲ့ဥက္ကဋ္ဌ ဦးကြင်သိန်းက မြန်မာစာဘာသာရပ်သည် မြန်မာ့ယဉ်ကျေးမှု၊ အမျိုးသားရေးလက္ခဏာနှင့် စာပေအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ပေးသည့် အရေးကြီးသော ဘာသာရပ်တစ်ခုဖြစ်ကြောင်း၊ မြန်မာစာသင်ကြားပို့ချပေးကြသည့် ဆရာ၊ ဆရာမများ၏ ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ပြုဖော်ပြရန်ရည်ရွယ်၍ ယခုကဲ့သို့ ဂုဏ်ပြုဆုချီးမြှင့်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဒေါက်တာခင်ဇော်သောင်းက မြန်မာစာမြတ်နိုးသူများအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရည်ရွယ်ချက်များနှင့် သိကောင်းစရာများကို ရှင်းလင်းတင်ပြကာ ပဲခူးမြို့နယ်ပညာရေးမှူး ဒေါ်မာလာခင်က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးမြို့နယ်အတွင်းမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဘာသာရပ်၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၂၇ ဦးနှင့် မြန်မာစာသင် ဆရာ၊ ဆရာမ ၁၆ ဦးအား မြန်မာစာမြတ်နိုးသူများအဖွဲ့ တာဝန်ရှိသူများက တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီဖြင့် ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(၄၁၀)

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မုံရွာ | ၃၇.၄°C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၇.၁°C |
| မန္တလေး | ၃၇°C |
| ကျောက်ဆည်(လွန်ကျော်) | ၃၆.၅°C |
| စစ်ကိုင်း | ၃၅.၇°C |
| မြင်းမူ | ၃၅.၆°C |
| ညောင်ဦး | ၃၅.၅°C |
| ပခုက္ကူ | ၃၅.၅°C |
| ကျောက်ဆည် | ၃၅.၄°C |
| ချောက် | ၃၅.၄°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မာန်အောင် | (၅.၉၄)လက်မ |
| ကျိုက်လတ် | (၅.၉၀)လက်မ |
| မော်လမြိုင်ကျွန်း | (၅.၅၅)လက်မ |
| ရန်ကုန်(မင်္ဂလာဒုံ) | (၅.၅၁)လက်မ |
| အင်္ဂပူ | (၅.၃၈)လက်မ |
| ဒေးဒရဲ | (၅.၁၃)လက်မ |
| ဘိုကလေး | (၅.၀၀)လက်မ |
| မှော်ဘီ | (၄.၇၂)လက်မ |
| (စိုက်ပျိုးရေးမိုးလေဝသ) | |
| ခရမ်း | (၄.၆၉)လက်မ |
| မအူပင် | (၄.၆၀)လက်မ |
| ရန်ကုန်(ကမ္ဘာအေး) | (၄.၅၇)လက်မ |
| ကျောက်ဖြူ | (၄.၃၅)လက်မ |
| ပန်းတနော် | (၄.၂၆)လက်မ |
| ဓနုဖြူ | (၄.၀၀)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၄ | ၃၂ |
| ရှမ်း(မြောက်) | ၂၂ | ၃၂ |
| ရှမ်း(အရှေ့) | ၂၂ | ၃၂ |
| ရှမ်း(တောင်) | ၁၈ | ၂၇ |
| ချင်း | ၁၆ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၂ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၆ |
| နေပြည်တော် | ၂၄ | ၃၀ |
| မန္တလေး | ၂၇ | ၃၇ |
| မကွေး | ၂၄ | ၃၃ |
| ရခိုင် | ၂၄ | ၂၈ |
| ပဲခူး | ၂၂ | ၃၀ |
| ရန်ကုန် | ၂၃ | ၃၀ |
| ဧရာဝတီ | ၂၂ | ၃၀ |
| ကယား | ၂၀ | ၂၉ |
| ကရင် | ၂၂ | ၂၉ |
| မွန် | ၂၃ | ၂၈ |
| တနင်္သာရီ | ၂၃ | ၂၈ |

# အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်း ကျောင်းများတွင် ပညာသင်ယူတက်ရောက်နိုင်ရေးအသိပညာပေးဟောပြော

ကော့သောင်း ဇူလိုင် ၂၉

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့၌ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် ပညာသင်ယူတက်ရောက်နိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၈ ရက်က ပုလုံးတုံတုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဆောင်ရွက်သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ခံ ဦးစစ်စွမ်းရည်မျိုးသန့်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လတ်လတ်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မူမူစိုးတို့က ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ထားသော အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကို စိတ်ပါဝင်စားသူများ ပညာသင်ယူနိုင်ရေးအတွက် ကျောင်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များ၊ ကျောင်းဝင်ခွင့်သတ်မှတ်အရည်အချင်းများ၊ အခြေခံသင်ကြားရေးစနစ်နှင့် ဘာသာရပ်များ၊ ပညာဆက်လက်သင်ယူနိုင်မည့် ပေါင်းကူးအခွင့်အလမ်းများကို အသိပညာပေးဟောပြောကြသည်။

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ တစ်နိုင်ငံလုံးရှိ ခရိုင် ၅၀ တွင် ကျောင်းပေါင်း ၅၁ ကျောင်းဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် ကျောင်းပေါင်း ၈၉ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ထားရှိရာ အခြေခံပညာအလယ်တန်းအဆင့် Grade-9 အောင်မြင်ပြီးသူ(သတ်မှတ်အရည်အချင်းကိုက်ညီသူ)များ တက်ရောက်ခွင့်ရှိပြီး အဆိုပါကျောင်းများတွင် အခြေခံပညာအထက်တန်းအဆင့် (Grade-10၊ Grade-11၊ Grade-12) ဘာသာရပ်များနှင့်အတူ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဟူသော အသက်မွေးဝမ်းကျောင်း အဓိကအထူးပြုဘာသာရပ်သုံးမျိုးကို ပေါင်းစပ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



ဆရာတော်ထံ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၂၉

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိခန်းမ၌ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဝိသုဒ္ဓိတပ်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တသုမန အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝိသုဒ္ဓိတပ်ဦးကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက်တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော် အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝိသုဒ္ဓိတပ်ဦးကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



ဆရာတော်ထံ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၂၉

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ပြုလုပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ စွန်းလွန်းကမ္မဋ္ဌာန်းကျောင်းတိုက် နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်အဂ္ဂမဟာ ဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တက်ရောက်လာကြသူများက စွန်းလွန်းကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ်သံဃနာယကအဖွဲ့၊ အကျိုးတောင်ဆောင်၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်နှင့် ထာဝရဓမ္မာရိပ်သာကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တနာယကထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



ဆရာတော်ထံ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၂၉

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မဟာဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဘုရားကြီးတိုက်၊ နယားကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ နန္ဒိယဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မဟာဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



ဆရာတော်ထံ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူတစ်ဦးက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၂၉


အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဓမ္မာရုံ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ မဟာဗောဓိကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဝိမလအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက မဟာဗောဓိကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသောပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တာဝန်ရှိသူများက သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံစဉ်။

နေပြည်တော် ဇူလိုင် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုမိန်းမြို့၊ လဲချားမြို့၊ ကာလိမြို့၊ နမ့်စန်မြို့နှင့် လင်းခေးမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်၊ ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဆီးလွန်ရောဂါနှင့် မင်းကွတ်သီးဓာတ်စာ

ကြည်လွင်မြင့်(မုဒြာ)

ဆီးလွန်ရောဂါဖြစ်သူအတော်များများမှာ အသက် ၆၀ ကျော်လူကြီးများဖြစ်သည်။ အမျိုးသမီးများတွင် သွေးဆုံးနောက်ကျသူများနှင့် အသက် ၅၅ နှစ်နောက်ပိုင်းတွင် ဖြစ်လေ့ရှိသည်။ သားသမီးများစွာမွေးခဲ့သည့် အမျိုးသမီးများသည်လည်း အသက်ကြီးပိုင်းတွင်ဖြစ်လေ့ရှိသည်။

အသက် ၆၀ ကျော်သည်နှင့် အမျိုးသားများတွင် ဆီးကျိတ်ကြီးသည့်ပြဿနာ စတင်လာပြီဖြစ်သည်။ သစ်ကြားသီးအရွယ်ခန့်ရှိသော ဆီးကျိတ်မှာ အသက် ၅၀ ကျော်သည်နှင့် အလိုလိုကြီးလာစမြဲဖြစ်သည်။ အသက် ၆၀ ကျော်လျှင် ပို၍ကြီးလာပြီး အတွင်းအလယ်ကောင်မှဖြတ်သွားသည့် ဆီးပြွန်ကိုဖိညှစ်သည့်သဘောဖြစ်လာသည်။ ထို့ကြောင့် ဆီးမကြာခဏသွားချင်စိတ်ဖြစ်စေသည်။ ဆီးသွားလျှင် အကုန်အစင်မသွားနိုင်၊ ဆီးကျန်နေသည့်အတွက် သွားပြီးရင်း ထပ်သွားချင်ဖြစ်နေရသည်။ ခရီးသွားလျှင်လည်း ဆီးမကြာခဏသွားချင်သည့်အတွက် ခရီးမသွားချင်ပေ။ ဆီးကျိတ်ကင်ဆာမှာလည်း အမျိုးသားများတွင်သာဖြစ်သည့် ကင်ဆာမျိုးဖြစ်သည်။ ဆီးကျိတ်ကင်ဆာ၏လက္ခဏာများမှာ ဆီးသွားအားမရခြင်း၊ ဆီးကျန်ခြင်း၊ ဆီးသွားလျှင် ကျဉ်ခြင်း၊ ညအိပ်မရခြင်း၊ ဆီးမကြာခဏထသွားရခြင်းတို့ဖြစ်တတ်သည်။

အမျိုးသမီးများတွင် အသက် ၅၅ နှစ်နောက်ပိုင်း ဆီးလွန်ရောဂါအဖြစ်များရခြင်းမှာ သွေးဆုံးပြီးနောက် သားအိမ်တွင် သွေးမရောက်တော့သည့်အတွက် အစားထိုးလေ(ဝါယောဓာတ်) ရောက်လာကာ တွန်းကန်သဖြင့် သားအိမ်ဖောင်းလာပြီး ကပ်လျက်ရှိသည့် ဆီးအိမ်ကိုဖိမိသောအခါ ဆီးသွားချင်စိတ်ဖြစ်လာသည်။ ကလေးများစွာမွေးခဲ့ဖူးသည့် အမျိုးသမီးများတွင်လည်း မွေးလမ်းကြောင်းကျယ်ပြီး သားအိမ်အောက်သို့လျှောကျခြင်းကြောင့် ဆီးလမ်းကြောင်းကိုဖိမိကာ မကြာခဏ ဆီးသွားချင်စိတ်ကို ဖြစ်စေသည်။

ညဘက်ဆီးသွားများသူများသည် ရှစ်ကြိမ်အထက်သွားရလျှင် အိပ်ရေးပျက်ပြီး အစားအသောက်ပါပျက်၍ နေမကောင်းရာမှ ဓာတ်ကျရောဂါပါဝင်လာလေ့ရှိသည်။ အာယုဗ္ဗေဒကျမ်းများတွင် မဓုပမေဟဟုဖော်ပြသည့် ဆီးချိုရောဂါဝင်လာလျှင်လည်း ညဘက်တွင် ဆီးအကြိမ်များစွာထသွားရတတ်သည်။ ဆီးချိုရောဂါဝင်ခါစတွင် ဤသို့ဖြစ်တတ်သည်။

မည်သည့်ဆီးလွန်ရောဂါအမျိုးအစားမဆို သက်သာစေသည့်ဓာတ်စာတစ်မျိုးမှာ မင်းကွတ်သီးကို အခွံပါထုထောင်းခြေပြီး ပဋ္ဌငါးပါးစလုံးစားသုံးသောနည်းဖြစ်သည်။ မင်းကွတ်သီး၏ အတွင်းမှအဆန်သည် အေးပြီးချိုသောအရသာရှိသည်။ အသီးမရင့်မီတွင် အချဉ်ဓာတ်အနည်းငယ်ရှိသည်။ မင်းကွတ်သီးမှာ အခွံထူသောအသီးမျိုးဖြစ်သည်။ ထိုအခွံမှာ ဖန်သောအရသာရှိပြီး ဆေးဖက်ဝင်သည်။ ရှေးကဆရာကြီးများသည် အပူဝမ်းပျက်ရောဂါများနှင့် မီးယပ်သွေးလွန်ရောဂါများအတွက် အခြောက်လှန်းပြီးသိမ်းထားသော မင်းကွတ်သီးအခွံကို သွေး၍တိုက်လေ့ရှိသည်။ အဖန်သည် ချုပ်သောသတ္တိရှိသည်။ အပူကိုလည်း ငြိမ်းစေနိုင်သည်။

မင်းကွတ်သီး ၁၀ လုံးခန့်ကို စိမ်းသောအညှာနှင့် အညှာရင်းမှ ရွက်ဖက်များကိုဖယ်ပြီးနောက် အသီးကိုခွဲပြီး ငရုတ်ဆုံ၌ ထည့်ထောင်းပါ။ ညက်အောင်ထောင်းထားပြီး ရရှိသောအညိုရောင်အနှစ်များကို ဆေးကဲ့သို့ သဘောထားကာ လက်ဖက်ရည်ဇွန်းနှစ်ဇွန်းခန့် တစ်နေ့နှစ်ကြိမ်သောက်သုံးပါ။ ဆီးအလွန်များလျှင် သုံးကြိမ်ခန့်အထိ သောက်သုံးပါ။ ထောင်းထားသော မင်းကွတ်သီးအနှစ်များကို ရေခဲသေတ္တာ သို့မဟုတ် အေးသောနေရာတွင် အဖုံးပါသောခွက်ဖြင့် သိမ်းဆည်းထားပြီး ခုနစ်ရက်မှ ၁၄ ရက်အထိ စားသုံးပေးရန်လိုအပ်သည်။

မင်းကွတ်သီးကို ကြိတ်ခြေရန် တခြားနည်းလမ်းတစ်ခုမှာ အတုံးလေးများတုံးပြီး အသားကြိတ်စက်ဖြင့်ကြိတ်လျှင် လွယ်ကူစွာကြေညက်စေနိုင်သည်။ မကြိတ်မီ ကြိတ်စက်ကို သန့်စင်အောင်ပြုလုပ်ရန်လိုသည်။ ကြိတ်စက်ဖြင့်ကြိတ်၍ရသော မင်းကွတ်သီးမှာ ပုစွန်ငါးပိကဲ့သို့ ညက်သွားသည်ဟုဆိုသည်။ တစ်ကြိမ်လျှင် ၁၀ လုံးခန့်ကြိတ်ပြီး သိမ်းထားလျှင် ငါးရက်ခန့် စားသုံးနိုင်သည်။

အညောင်းအထိုင်များပြီး ခြေသလုံးကိုက်သူတစ်ဦးနှင့် ဒူးနာရောဂါရှိသူ ကျောင်းဆရာမတစ်ဦးတို့က မင်းကွတ်သီးပဋ္ဌငါးပါးကို ဟင်းစားဇွန်းတစ်ဇွန်းနေ့စဉ် ညအိပ်ရာဝင်ချိန်စားပေးရာ ဝေဒနာများသက်သာသည့်အပြင် နံနက်အိပ်ရာထချိန်တွင်လည်း ဝမ်းပျော့သွားသည်။ ဝမ်းမှန်သဖြင့် ပို၍ပေါ့ပါးသွားသည်ဟု ကိုယ်တွေ့ပြောပြသည်။ ကျန်းမာရေးမဂ္ဂဇင်းတချို့တွင်လည်း မင်းကွတ်သီးအခွံပါစားခြင်းဖြင့် အသည်းခြောက်ရောဂါနှင့် အစာအိမ်ကင်ဆာများပါ သက်သာစေနိုင်ကြောင်း နောက်ဆက်တွဲဆိုးကျိုးဟူ၍ မတွေ့ရသေးပေ။ မြန်မာများ၏ရိုးရာအယူအဆအရ မင်းကွတ်သီးမစားမီ တစ်နာရီအတွင်း သကြားစားခြင်းကို ဆင်ခြင်လျှင် အကောင်းဆုံးဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မင်းကွတ်သီးဓာတ်စာစားသုံးခြင်းဖြင့် အညောင်းရောဂါ၊ အကိုက်အခဲရောဂါ၊ ဒူးနာ၊ ခါးနာရောဂါ၊ ဆီးကျိတ်ရောဂါများနှင့် ဆီးလွန်ရောဂါသာမက ကင်ဆာအလုံးအကျိတ်များကိုပါ သက်သာစေနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**"မင်းကွတ်သီး ၁၀ လုံးခန့်ကို စိမ်းသောအညှာနှင့် အညှာရင်းမှ ရွက်ဖက်များကိုဖယ်ပြီးနောက် အသီးကိုခွဲပြီး ငရုတ်ဆုံ၌ ထည့်ထောင်းပါ။ ညက်အောင်ထောင်းထားပြီး ရရှိသောအညိုရောင်အနှစ်များကို ဆေးကဲ့သို့သဘောထားကာ လက်ဖက်ရည်ဇွန်းနှစ်ဇွန်းခန့် တစ်နေ့နှစ်ကြိမ်သောက်သုံးပါ။ ဆီးအလွန်များလျှင် သုံးကြိမ်ခန့်အထိ သောက်သုံးပါ။ ထောင်းထားသော မင်းကွတ်သီးအနှစ်များကို ရေခဲသေတ္တာ သို့မဟုတ် အေးသောနေရာတွင် အဖုံးပါသောခွက်ဖြင့် သိမ်းဆည်းထားပြီး ခုနစ်ရက်မှ ၁၄ ရက်အထိ စားသုံးပေးရန်လိုအပ်သည် . . . "**



# ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြော



ကော့သောင်း ဇူလိုင် ၂၉

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၈ ရက်က ကော့သောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ပုလုံးတုံတုံး၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ဗလငါးတန်နှင့်ပြည့်စုံ၍ အသိဉာဏ်ပညာဖွံ့ဖြိုးသူများဖြစ်စေရန်အတွက် ဗဟုသုတရရှိစေသည့် ပြင်ပစာအုပ်၊ စာပေများကိုလည်း ဖတ်ရှုလေ့လာကြရန်၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာဖတ်စွမ်းရည်တိုးတက်စေရန်နှင့် အသိပညာဗဟုသုတတိုးပွားစေရန်အတွက် အားလပ်ချိန်များတွင် ဗဟုသုတရရှိသည့် စာအုပ်စာစောင်များဖတ်ရှုလေ့လာရန်၊ စာဖတ်သည့်အလေ့အကျင့် ပြုစုပျိုးထောင်ကြရန် လိုအပ်ကြောင်းနှင့် သုတ၊ ရသ စာပေအမျိုးအစားများအကြောင်း အသိပညာပေးဟောပြောသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ရရှိစေရန် သုတ၊ ရသစာအုပ်စာစောင်များကို ဖတ်ရှုစေသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ ပလတ်စတစ်နှင့် အမှိုက်စနစ်တကျစွန့်ပစ်ခြင်း အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ့**

# နတ်တလင်းမြို့နယ် မှန်တန်းကြီးကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကွင်းဆင်းစစ်ဆေး

နတ်တလင်း ဇူလိုင် ၂၉

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဖန်တီးပေးနိုင်စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မှန်တန်းကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇူလိုင်လ ၂၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟိန်းဇော်နှင့် ဝန်ထမ်းများက မှန်တန်းကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေများဖြင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

မှန်တန်းကြီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိသော ကောင်းမြတ်စံ၊ မြတ်သုခ၊ စိန်ရတနာ၊ တိုးပွားအောင် အဖွဲ့လေးဖွဲ့အား တစ်ဖွဲ့လျှင် ငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးမြတ်**

# ရတနာပုံတက္ကသိုလ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ



အမရပူရ ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၈ ရက်တွင် အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ မန္တလေးတိုင်းလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (မန္တလေး)မှ တပ်ဖွဲ့စုမှူးရဲမှူးသူဇာလွင်နှင့်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မော်မော်စိုးက အဖွင့်အမှာစကားနှင့် ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်တို့ကို ပြောကြားပြီး မန္တလေးတိုင်းလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့စုမှူးရဲမှူးသူဇာလွင်က လူကုန်ကူးခံရသူများ၊ အမျိုးသမီးများ၊ ကလေးသူငယ်နှင့်လူငယ်များအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ရဲမှူးသူဇာလွင်က ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

လွဲ့လွဲ့ခိုင်

# နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်သော လမန်းကျေးရွာအုပ်စု ခနောင်ရိုက်ကျေးရွာ ဒေသခံပြည်သူများအား မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၈ ရက်တွင် အကျော်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အကျော်ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်တာဝန်ရှိသူများက နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်သော ဓနုဖြူမြို့နယ် လမန်းကျေးရွာအုပ်စု ခနောင်ရိုက်ကျေးရွာ ဒေသခံပြည်သူများအား မြေငှားဂရန်ပေးအပ်မည့် မြေနေရာများအား ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့်တာဝန်ရှိသူများသည် ကျေးရွာမြေငှားဂရန်လျှောက်ထားသူ ပြည်သူများအား မြေငှားဂရန်များကို လက်ဝယ်အရောက်ပေးအပ်ကြောင်းသိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## လယ်ယာစိုက်ပျိုး ဝင်ငွေတိုး

✦ လယ်ယာမြေ စိုက်ပျိုးရေး
အထွက်တိုးမနေး ကြံဆောင်။
ကျေးဇူးရှင် ဦးကြီးများက
ကြိုးစားလို့အောင်။
စပါးပင်က မြသားရောင်
ပြည်ကျိုးဆောင် တောင်သူလယ်သမား။
ဘိုးဘွားအမွေ စိုက်ပျိုးရေးကိုလ
အလေးအမြတ်ထား။

✦ ယခုချိန်ခါ ခေတ်မီစွမ်းအား
ထွန်းကားလို့ တွင်ကျယ်လာ။
သီးနှံအစုံ ရာသီအလိုက်
စိုက်ပျိုးကြတာ။
နည်းစနစ်လည်း မှန်ကန်စွာ
လယ်ယာတစ်ခွင် စိမ်းစိုလန်း။
နည်းပညာ ဆန်းကြယ်လွန်းတယ်
ထွန်းသစ်ပြည်နန်း။

✦ လယ်ယာမြေ သာစခန်းမှာလ
လာစမ်းကွဲ့ ဖိတ်ခေါ်ချင်။
လုပ်ငန်းခွင် အချိန်ကိုက်
အားစိုက်လို့ဝင်။
ဝင်ငွေတိုးလို့ ပြည့်ဂုဏ်ထင်
ကျေးဇူးရှင် ဦးကြီးများ။
လက်ဆယ်ဖြာ ထိပ်မှာမိုးပါလို့
(အိုကွယ်...)
ရှိခိုးဝပ်တွား။ ။

ချာန်လေး(ပညာရေး)

**MWD Education, Knowledge & Sports Channel** ၃၀-၇-၂၀၂၆ (ကြာသပတေးနေ့)

၁။ ၀၇:၀၀ မှ ၀၈:၃၅ Grade-9 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁)
၂။ ၁၅:၃၀ မှ ၁၆:၁၇ Grade-9 သင်္ချာ(၁)၊ သင်္ချာ(၂)
၃။ ၁၆:၁၇ မှ ၁၈:၁၀ Grade-9 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

**သဇင်(FM)အသံလွှင့်အစီအစဉ်** ၃၀-၇-၂၀၂၆ (ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

# ကျွန်းလှမြို့နယ်၌ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသ

ကျွန်းလှ ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခြင်းကို ဇူလိုင်လ ၂၉ ရက် နံနက်ပိုင်းတွင် လယ်လှကျေးရွာကွင်းအမှတ် (၂၉၂)တောင်သူ ဦးမျိုးမြင့်၏ လယ်မြေ၌ ကျင်းပသည်။

"ကျွန်းလှမြို့နယ်မှာ မိုးစပါးကိုနည်းလမ်းမျိုးစုံနဲ့ စိုက်ပျိုးထုတ်လုပ်ကြပါတယ်။ အခုလို မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးရာမှာ ကုန်ကျစရိတ်သက်သာခြင်း၊ လုပ်သားနည်းပါးခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ ပေါင်းထိုးတမန်းနှိုးလွယ်ကူခြင်း၊ အထွက်နှုန်းကောင်းခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားရမှာဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မျိုးစေ့ချကိရိယာဖြင့် စိုက်နည်းစနစ်မှန်ကန်ရေးလက်တွေ့ပြသကြရာ ဒေသခံတောင်သူများ လေ့လာကြည့်ရှုကြသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၃၅၆၉၆ ဧက စိုက်ပျိုးရန် လျာထားပြီး လက်ရှိအချိန်အထိ ၂၂၉၂၂ ဧက (၆၄ ဒသမ ၂၁) ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ မိုးစပါးကိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းဆန်ဖူလုံရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုမည်ဖြစ်သည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)



အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား "



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲ ကျင်းပစဉ်။

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ မိသားစုဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ မိသားစုဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဓမ္မာရုံ၌ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ လှည်းဘီးကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာသန အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှည်းဘီးကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များနာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော် အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြိတ်မြို့၊ မော်တောင်ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ဆရာတော်ထံ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးနန်းမြို့အရှေ့ဘက် နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြားရှိရတနာပုံဥယျာဉ်၌ ပြုလုပ်ရာ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီး၊ စာချနာယက ဆရာတော်သာသနဓဇဓမ္မာစရိယ(ဝိနယဝိဒူ) ဘဒ္ဒန္တဂါရဝအမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

အဆိုပါဆွမ်းလောင်းလှူပွဲသို့ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးစာချနာယက ဆရာတော်အမှူးပြုသော သံဃာတော်အပါး (၃၀၀) ကြွချီတော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကြွချီတော်မူလာကြသော သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများကို သတ်မှတ်နေရာအသီးသီး၌ လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ



ဆရာတော်ထံ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၂၉

၁၃၈၈ခုနှစ်၊ ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းချေမ်းဓမ္မာရုံ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ကြာနီကန်ကျောင်းတိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တောင်ငူမြို့၊ ကြာနီကန် ကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီးသံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက်တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြာနီကန်ကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသတင်းရရှိသည်။

(၁၀၀)

➧ စာမျက်နှာ ၁၁ မှအဆက်

နွေးနွေးထွေးထွေးဆက်ဆံပါတယ်။ ဒီဘက်က အရမ်းကောင်းခဲ့ပါတယ်။ ကျွန်တော်တို့ ထင်ထားတာထက်တောင် ပိုကောင်းပါတယ်။ ကျွန်တော်တို့က အဲ့ဒီလိုတောင်မထင်ထားပါဘူး။ အမြဲနှိပ်စက်မယ်လို့တောင်ထင်ထားတာပါ။ ဒါပေမဲ့ ဒီဘက်က ကောင်းခဲ့ပါတယ်။ ကျွန်တော်တို့လမ်းမှားကို ရောက်သွားတာ ကျွန်တော့် မိဘတွေတောင်မသိပါဘူး။ ဒါပေမဲ့ ဒီကနေပြီးတော့ပဲ ကျွန်တော်မိဘတွေကိုတောင်းပန်ပါတယ်။ ကျွန်တော်တို့ လမ်းမှားရောက်သွားတယ်။ အခုလိုအချိန်မှာ ကျွန်တော်တို့ ပြန်ရမယ်ဆိုရင်တော့ အရမ်းဝမ်းသာပါတယ်။ အမေ့ကို မတွေ့ရတာလည်း တော်တော်ကြာပြီဆိုတော့ အဖေနဲ့အမေနဲ့လည်း ဝမ်းသာမယ်လို့မျှော်လင့်ပါတယ်။ တပ်မတော်က အခုလို နွေးနွေးထွေးထွေးကြိုဆိုပေးတဲ့အတွက် ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

(၁၀၀)

# မြဝတီမြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား အာဟာရဖြည့်အစားအစာများ ကျွေးမွေးလှူဒါန်း

မြဝတီ ဇူလိုင် ၂၉

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိအမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်တိုးတက်မှု၊ သင်ယူမှုစွမ်းအားတိုးတက်လာမှုနှင့်ကျန်းမာရေးကောင်းမွန်စေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ဖြည့်စွက်အာဟာရများကို ကျွေးမွေးလှူဒါန်းခဲ့သည်။

အဆိုပါ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းရှိ KG ကျောင်းသား၊ ကျောင်းသူ ၆၆ ဦး၊ Grade – 1 ကျောင်းသား၊ ကျောင်းသူ ၇၃ ဦး စုစုပေါင်း ၁၃၉ ဦးတို့အား အာဟာရဖြည့်အစားအစာများကျွေးမွေးရာ၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းမောင်ကြီးကြပ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူ ၁၃၉ ဦးတို့အား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားသတ်မှတ်ထားသည့် အာဟာရဖြည့် အစားအစာများ ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

(၄၀၆)

**၂၉-၇-၂၀၂၆ ရက်နေ့**

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်း**မှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် ၂၀ ဦးနှင့် PDF အမည်ခံအဖွဲ့ဝင် ၁၂ ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်


အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်ထံ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်ခဲယမ်းများလွှဲပြောင်းအပ်နှံစဉ်။

**နေပြည်တော်  ဇူလိုင် ၂၉**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် ၂၀ ဦးနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင် ၁၂ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရခိုင်ပြည်နယ် ဂွမြို့နယ်မှ ၄ ဦး၊ မင်းပြားမြို့နယ်မှ ၁ ဦး၊ သံတွဲမြို့နယ်မှ ၆ ဦး၊ ရမ်းဗြဲမြို့နယ်မှ ၁ ဦး၊ မြေပုံမြို့နယ်မှ ၂ ဦး၊ တောင်ကုတ်မြို့နယ်မှ ၁ ဦး၊ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ ၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်မှ ၁ ဦး ၊ လေးမျက်နှာမြို့နယ်မှ ၁ ဦး ၊ စုစုပေါင်း AA အဖွဲ့ဝင် အမျိုးသား ၂၀ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်မှ ၂ ဦး၊ ပုသိမ်မြို့နယ်မှ ၂ ဦး၊ ဓနုဖြူမြို့နယ်မှ ၂ ဦး၊ လေးမျက်နှာမြို့နယ်မှ ၃ ဦး၊ အင်္ဂပူမြို့နယ်မှ ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်မှ ၁ ဦး၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ ၁ ဦး၊ စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ကို ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါလာသည့် MA-1 အမျိုးအစား မောင်းပြန်ရိုင်ဖယ် ၂ လက်၊ MA-2 အမျိုးအစားမောင်းပြန်ရိုင်ဖယ် ၁ လက်၊ BA-63 မောင်းပြန်ရိုင်ဖယ် ၂ လက်၊ Type-81 အမျိုးအစား ၅ လက်၊ M-22 အမျိုးအစား မောင်းပြန်ရိုင်ဖယ် ၁ လက်၊ LM-16 ပါရီစက်လတ် ၁ လက်၊ AK-47 အမျိုးအစား မောင်းပြန်ရိုင်ဖယ် ၁ လက်၊ စုစုပေါင်း လက်နက်မျိုးစုံ ၁၃ လက်၊ တရုတ်ကြိုးဆွဲလက်ပစ်ဗုံး ၆ လုံး၊ ကျည်မျိုးစုံ(၄၅၆) တောင့်နှင့် ကျည်အိမ်မျိုးစုံ(၂၀)ခုတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား သေနတ် ၁ လက်လျှင် ဆုကြေးငွေကျပ်သိန်း(၅၀)နှုန်းဖြင့် သေနတ် ၁၃ လက်အတွက် ကျပ်သိန်း ၆၅၀ ကျပ်၊ လက်ပစ်ဗုံး (၆)လုံးအတွက် ဆုကြေးငွေ ၁၈ သိန်းကျပ်နှင့် အလင်းဝင်ရောက်လာသူ ၁ ဦးလျှင် ၃ သိန်းကျပ်နှုန်းဖြင့် ၃၂ ဦးအတွက် ၉၆ သိန်းကျပ် စုစုပေါင်းချီးမြှင့်ငွေကျပ်သိန်း (၇၆၄)သိန်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပေးအပ်ချီးမြှင့်ခဲ့ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အဦများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

"ကျွန်တော်ကတော့ AA တပ်ဖွဲ့ဝင်တစ်ယောက်ပေါ့။ ကျွန်တော် AA ထဲရောက်ရှိသွားတဲ့ အကြောင်းကတော့ ဒီကောင်တွေက တစ်အိမ်တစ်ယောက် မဖြစ်မနေစစ်မှုထမ်းရမယ်ဆိုပြီးတော့ ပြောတယ်။ အဲ့ဒီတော့ မလိုက်လို့ရှောင်ပုန်းနေပြန်တော့လည်း ဒီကောင်တွေက အိမ်ကမိသားစုတွေကိုအန္တရာယ်ပေးတယ်၊ အိမ်ကမိသားစုကို ချိပ်ပိတ်တာမျိုးတို့ အိမ်ကိုခြိမ်းခြောက်တာတွေလုပ်တယ်။ ခေါ်ပေးပေါ့။ မခေါ်ပေးရင် ရှိတဲ့သူဆွဲမယ်။ ဒီလိုနဲ့ ကျွန်တော်တို့ AA ထဲရောက်ခဲ့တယ်။ ဟိုရောက်တဲ့အခါကျတော့ သင်တန်းမှာ သင်တန်းတက်ရတယ်။ ဒီကောင်တွေက ရိုင်းစိုင်းအားကြီးတယ်။ ပြောတာဆိုတာ လုပ်တာကိုင်တာလည်း တစ်ခုမှမဟုတ်ဘူး။ စားတာသောက်တာကအစ အဆင်မပြေဘူးပေါ့။ ကိုယ့်သားလောက်ရှိတဲ့ ကောင်လေးတွေကအစ အားလုံးအထက်အောက်ညည်းပန်းနှိပ်စက်မှုကို ပြုလုပ်တယ်။ သင်တန်းဆင်းပြန်တော့လည်း နေရထိုင်ရတာတွေ အဆင်မပြေဘူး။ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့နေရတယ်။ ကျွန်တော်တို့ဆိုရင် သင်တန်းဆင်းတာနဲ့ ရှေ့တန်းပို့တယ်။ ရှေ့တန်းပို့တဲ့အခါ ကျွန်တော်တို့မှာ လွယ်အိတ်လည်းမရှိဘူး။ ရှေ့တန်းရောက်တော့ တိုက်ပွဲတစ်ခါမှ မတိုက်ဖူးတဲ့သူကို တိုက်ဆိုတိုက်ရမယ်။ နောက်ပြန်ဆင်းလာရင် ပစ်သတ်ပစ်မယ်တို့ အဲ့လိုအနေအထားမျိုးတွေရှိတယ်။ အဲ့ကနေပြီးတော့ မင်းတို့ပြန်မဆင်းလာနဲ့ မင်းတို့တိုက်မနိုင်ရင်နိုင်အောင်တိုက်ရဖို့ဆိုတဲ့အနေအထားမျိုးတွေရှိတယ်။ ကျွန်တော်တို့ ပြန်ပြေးချင်ပေမယ့်လည်း ပြေးလို့မရဘူး။ ကိုယ့်လူအချင်းချင်း ပစ်ဖို့သေနတ်နဲ့ အဲ့လိုမျိုးခြိမ်းခြောက်မှုတွေရှိတယ်။ ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက်ရှိတယ်။ ပြေးမယ်လို့ပြောလိုက်တယ်။



ဒီနေရာမှာ ဒီအဖွဲ့အစည်းမှာ မနေတော့ဘူး။ အဆင်မပြေဘူး။ ပြေးမယ်လို့ဆုံးဖြတ်လိုက်တယ်၊ သူငယ်ချင်းနှစ်ယောက်ပြေးလာတာပေါ့၊ ပြေးလာတော့ သူငယ်ချင်းသေနတ်တွေပါယူဆိုပြီး သေနတ်တွေပါပါလာခဲ့တယ်။ ဒီကောင်တွေက သေနတ်ပါတဲ့အခါကျတော့ အမိအရလိုက်တယ်။ အမိအရလိုက်ပြီး လမ်းမှာလိုက်ဖမ်းတယ်။ ကျွန်တော့်ကို လိုက်ဖမ်းတော့ ကျွန်တော်နဲ့ တိုက်ပွဲဖြစ်ပါတယ်။ အချင်းချင်း ကျွန်တော်လည်း ပြန်ပစ်တယ်။ တစ်ယောက်ကတော့ ပြန်အဖမ်းခံသွားပါတယ်။ သူကတော့ ပြန်မပစ်တဲ့အတွက် အဖမ်းခံသွားပါတယ်။ ကျွန်တော်ကတော့ ပြန်ပစ်တဲ့အတွက် ကျွန်တော့်ကိုတော့ လိုက်ပြီးမဖမ်းတော့ဘူး။ ကျွန်တော်ကတော့ အန္တရာယ်ကင်းကင်းနဲ့ပဲ ဒီဘက်ရောက်လာတယ်။ ဒီဘက်ရောက်တော့လည်း ရောက်တာနဲ့ နေရထိုင်ရတာကအစ အားလုံးအဆင်ပြေပါတယ်။ ကျွန်တော်ပြောနေတဲ့ အသံဖိုင်ကို AA မှာ ကျန်ခဲ့တဲ့ ညီတွေ၊ သူငယ်ချင်းတွေ တွေ့ရင် ကျွန်တော့်လိုပဲ အလင်းဝင်ပါ။ ဒီဘက်မှာ တချို့က စိုးရိမ်တာတွေရှိတယ်။ ဒီဘက်ရောက်ရင် ဖမ်းဖို့လား။ အဲ့လိုမဟုတ်ပါဘူး။ အဲ့လိုမျိုးလည်း မဖမ်းဘူး။ နှိပ်လည်း မနှိပ်စက်ဘူး။ အေးအေးဆေးဆေး ကြိုဆိုတယ်။ အေးအေးဆေးဆေးထားတယ်။ အေးအေးဆေးဆေးအိပ်ရတယ်၊ ကျွန်တော်ပြောချင်တာက ရခိုင်မှာကျန်ခဲ့တဲ့ကျွန်တော့်သူငယ်ချင်းတွေ ရှေ့တန်းစစ်မြေပြင်ရောက်နေတဲ့ သူငယ်ချင်းတွေ ဒီဗီဒီယိုဖိုင်ကြည့်ပြီးတော့ ဒီဘက်ကို အလင်းဝင်စေချင်ပါတယ်။ တပ်မတော်ဘက်ကိုရောက်တော့ ကောင်းကောင်းမွန်မွန်နွေးနွေးထွေးထွေး ကြိုဆိုပါတယ်"ဟုပြောသည်။

"ကျွန်တော့် ယောက်ျားနဲ့ PDF ထဲကိုဝင်တယ်။ ဝင်ပြီးတော့ နောက်တော့ ရခိုင်ဘက်မှာ နေခဲ့ရတယ်။ ပြီးတော့ သင်တန်းတုန်းက ရိုက်နှက်တာတွေ ရှိတယ်။ အဲ့တာတွေ မြင်ရတွေ့ရတယ်။ ကျွန်တော်တို့တွေ မသုံးမစွဲဘဲ နေခဲ့ရတယ်။ မစားမသောက်ရဘူး။ သတင်းပေးပြန်တော့လည်း ဘယ်သူသုံးခိုင်းတာလဲ ဘာလဲနဲ့ အဲ့လိုမျိုးတွေဖြစ်တယ်။ လုံးဝကို စိတ်ဖိစီးမှုတွေများတယ်။ အဆင်မပြေဘူး။ တကယ်လို့ထွက်ပြေးသွားပြီး ပြန်မိလာပြီဆိုရင် အသားကုန်ရိုက်တယ်၊အဲ့တော့ကျွန်တော်တို့ အလင်းဝင်ဖို့ဆိုတာ တော်တော်ကိုကြောက်တာ။ ဒီဘက်မှာတောင် ဒီလောက်ရိုက်နေရင် ဟိုဘက်ကလည်း အဲ့လိုပဲ ရိုက်နှက်မှာပဲဆိုပြီးတော့ တော်တော်နှိပ်စက်တယ်။ တော်တော်ရိုက်တယ်။ လူတွေကို ကြောက်စိတ်တွေဖြစ်အောင် သွင်းပေးထားတာပေါ့။ အမြဲတမ်းကြောက်စိတ်ဖြစ်တယ်။ ပြီးတော့ လူတစ်ယောက်မှာပစ္စည်းဘာပါလဲ၊ ရွှေပါလားရွှေသိမ်းတယ်။ ပိုက်ဆံပါလား။



ပိုက်ဆံ ဘယ်နှသိန်းပါလဲ၊ သိမ်းတယ်၊ ပြီးရင် ဆိုင်ကယ်ပါလား ဆိုင်ကယ်သိမ်းတယ်။ သူတို့မှာ အမြတ်ကြီးစားကုပ်သွေးစုပ် အဲ့လိုကြီးပဲလုပ်နေတယ်။ သူတို့မှာ အဲ့စိတ်ဓာတ်အမြဲရှိတယ်။ အဲ့တာလေးကို ကျွန်တော်ပြောချင်တယ်၊ ဖုန်းသုံးရတာကအစ အဆင်မပြေဘူး။ ဘယ်သူနဲ့မှလည်း အဆက်အသွယ်မရဘူး။ ကိုယ်မရှိရင် ကိုယ်မစားရဘူး။ အဲ့လိုမျိုးတွေပေါ့။ နောက်ကျတော့ ကျွန်တော်ကျန်းမာရေးမကောင်းလို့ဆိုပြီးတော့ အကြောင်းပြတယ်၊ ကျန်းမာရေးတော်တော်မကောင်းဖြစ်လို့ ဆေးရုံသွားပါရစေ။ ကျွန်တော့် ယောက်ျားနဲ့ပဲ အတူတူနေပါရစေတော့လို့ တင်ပြတော့ ကျွန်တော့်အရှေ့ကို ရောက်လာပြီးတော့ ကျွန်တော်အချုပ်ထောင်ထဲမှာ နေရပါတယ်၊ မိန်းကလေး အချုပ်ထောင်မှာကျတော့ တာဝန်နဲ့နေရပါတယ်။ နေပြီးတော့ နှစ်လပိုင်းလောက်မှာ ကျွန်တော့်ယောက်ျား အလင်းဝင်သွားတယ်။ အဲ့မှာ နေရာကကွဲနေတဲ့အခါကျတော့ ကျွန်တော့်ကို မခေါ်နိုင်ဘူးပေါ့။ အလင်းဝင်သွားပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော့်ကိုလည်း စောင့်ကြည့်နဲ့ပဲထားတယ်၊ အချုပ်သားတွေနဲ့ မိန်းကလေးနှစ်ယောက်၊ ယောက်ျားလေး လေးယောက်ကလေးတစ်ယောက်နဲ့ ကျွန်တော် အဲ့မှာ ညဘက်ကြီးထွက်ပြေးပါတယ်။ ဒီဘက်ကို အလင်းဝင်ခဲ့ပါတယ်။ ဒီဘက်ကို အလင်းဝင်ခဲ့တော့လည်း ကျွန်တော်တို့ကိုကြားထားတာကပေါ့။ ဒီဘက်က အလင်းဝင်လို့ရှိရင် ရိုက်နှက်တယ်။ အဆင်မပြေဘူးလို့ ကြားထားပါတယ်။ တကယ်တော့ ရောက်လာတဲ့အချိန်မှာ လုံးဝတခြားစီဖြစ်ပါတယ်။

စာမျက်နှာ ၁၀ သို့

# ပညာရေးဒီဂရီကောလိပ်များတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့် ပြည့်ဝသော ဆရာများလေ့ကျင့်မွေးထုတ်ပေးလျက်ရှိ



ရန်ကုန် ဇူလိုင် ၂၉

ပညာရေးဒီဂရီကောလိပ်များတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့် ပြည့်ဝသောဆရာများဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ ယခုတက်ရောက်နေသော ဆရာ၊ ဆရာမလောင်းများကလည်း သင်တန်းပြီးဆုံး၍ မိမိတာဝန်ကျရာဒေသများ၌ တာဝန်ထမ်းဆောင်ကြရာတွင် ကျောင်းသား၊ ကျောင်းသူများအား စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော လူတော်လူကောင်းများဖြစ်အောင်လေ့ကျင့်သင်ကြားပေးရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့ ဟားခါးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံစဉ် တိုက်တွန်းမှာကြားသည်။

ပညာသင်ယူမှု အခွင့်အလမ်းမဆုံးရှုံးစေရန်နှင့် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော ဆရာ၊ ဆရာမများ မွေးထုတ်ပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ယာယီဖွင့်လှစ်ထားသော ဟားခါးပညာရေးဒီဂရီကောလိပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်ယင်းသို့မှာကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါကောလိပ်သို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ခဲ့သည့်အပြင်ကောလိပ်စာသင်ဆောင်နှင့်စားဖိုဆောင်များကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်တွဲ နှင်းသဘင်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးပြီး တက္ကသိုလ်သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ သင်ကြားရေးဇုန်၊ စီမံခန့်ခွဲရေးဇုန်၊ လူနေဇုန်၊ အားကစားဇုန်နှင့် စားသောက်ဆိုင်ခန်းများနှင့် ပတ္တမြားအဝိုင်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်မှုတို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်းသိရသည်။ မြဝတီ

# အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေး




နေပြည်တော် ဇူလိုင် ၂၉

ကျိုင်းတုံမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုင်းတုံမြို့နယ် ဦးစီးမှူးရုံးမှဝန်ထမ်းများက ယမန်နေ့က နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်းကို လမင်းစီမံချက်ဖြင့် နေ့ချင်းပြီး (One Stop Service)ဖြင့်ဆောင်ရွက်ပေးကြရာ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းဝင်များကလည်း ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

ထိုသို့နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်မှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်ပြားနှင့် UID တို့ကို ကာယကံရှင်ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းထံပေးအပ်ကာ မြို့နယ်ရုံးဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒုတိယပြည်နယ်ခွဲဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးများမှဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# အသက် ၁၁၈ နှစ်ရှိ အဘွားဒေါ်ဖာတမာအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သွားရောက်ဂါရဝပြုတွေ့ဆုံ

တောင်ငူ ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူခရိုင် ရေတာရှည်မြို့နယ် မြို့လှမြို့ အမှတ်(၅)ရပ်ကွက်တွင် နေထိုင်လျက်ရှိသော အသက် ၁၁၈ နှစ်ရှိ အဘွားဒေါ်ဖာတမာအား ဇူလိုင်လ ၂၈ ရက် နံနက်ပိုင်းက သွားရောက်ဂါရဝပြုတွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ အဘွားဒေါ်ဖာတမာ၏ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်သက်သေခံကတ်ပြားတို့တွင် မှတ်တမ်းတင်ထားသည့် မွေးသက္ကရာဇ်မှာ ၂၃-၂-၁၉၀၉ ဖြစ်ပြီး အဘ ဦးနဘာအာလီနှင့် မိခင်ဒေါ်အမာတို့က ရေတာရှည်မြို့နယ် သာဂရမြို့ ငါးခုံးမချောင်းကျေးရွာတွင် မွေးဖွားပေးခဲ့ကြသည်။

အဘွားဒေါ်ဖာတမာအား ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်တွင် အသက် ၁၀၀ ပြည့်ကြောင်း ချီးမြှင့်သည့်ဂုဏ်ပြုမှတ်တမ်းလွှာကို နိုင်ငံတော်သမ္မတက (၂၃-၇-၂၀၁၅) ရက်တွင် ပေးအပ်ခဲ့ပြီးဖြစ်ကာ ယခုအခါ ရေတာရှည်မြို့နယ် မြို့လှမြို့ ချောင်းမကြီး(၂)ရပ်ကွက်တွင် နေထိုင်လျက်ရှိပြီး မြေး ၄၈ဦး၊ မြစ် ၈၄ ဦး၊ တီ ၁၈ ဦးရှိသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြေပြင်စာရင်းများအရ တောင်ငူခရိုင်အတွင်း၌ အသက် ၁၀၀ နှစ်နှင့်အထက် ဘိုးဘွားဦးရေ ၅၉ ဦး ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ် ဇွန်လတွင်တောင်ငူခရိုင်အတွင်း အသက် ၁၀၀ နှစ်နှင့်အထက် ဘိုးဘွား ၄၂ ဦးရှိကြောင်း သတင်းရရှိသည်။ ဥဿာတိုင်းသား

## ➪ ရှေ့ဖုံးမှအဆက်

ဖလမ်းမြို့နေ ဒေသခံပြည်သူများအတွက် သောက်သုံးရေများ ဖြန့်ဝေပေးနေမှုအခြေအနေကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဖလမ်းမြို့ရှိဒေသခံပြည်သူများ ဆက်သွယ်မှုကောင်းမွန်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံး၌ MEC TEL တယ်လီဖုန်းလိုင်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြဝတီ



# လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်း

ဆင်ပေါင်ဝဲ ဇူလိုင် ၂၉

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ မြို့နယ်ခန်းမ၌ ယမန်နေ့ ညနေ ၃ နာရီတွင် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၁/၂၀၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကာ သင်တန်းအဖွဲ့သားများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းတွင် မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူး ၃၇ ဦး တက်ရောက်ကာ ရက်သတ္တပတ်လေးပတ်ကြာ သင်ကြားခဲ့ကြောင်း သိရသည်။

(၄၀၂)

# အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၂၉

ယနေ့ည ၈ နာရီ ၃၂ မိနစ် ၄၅ စက္ကန့်အချိန်တွင် မန္တလေးမြေလျှင်စခန်းမှ အနောက်မြောက်ဘက် ၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(အောင်မြေသာစံမြို့နယ်၏ အနောက်မြောက်ဘက် ၆ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၀၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၂ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၅(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)

# ဝါသီးနှံမျိုးစေ့အကြောင်း တောင်သူများအတွက် တစေ့တစောင်း

စိုးမိုးဝင်း(စိုက်ပျိုးရေး)

**"မျိုးမှန်မှ အဖိုးတန်"** ဟူသော မြန်မာစကားတစ်ခွန်းရှိသည်။ ကဏ္ဍအသီးသီးတွင် ယူဆချက်အမျိုးမျိုးဖြင့် အသုံးပြုနေကြသော်လည်း စိုက်ပျိုးရေးကဏ္ဍတွင် အထူးအရေးပါသော အခြေခံမှုဖြစ်သည်။ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းကောင်းမွန်ရေးနှင့် အရည်အသွေးပြည့်မီသော သီးနှံထွက်ကုန်များရရှိရေးကို အဓိကထားကြိုးစားအားထုတ်ကြရာ မူလစတင်စိုက်ပျိုးစဉ်ကတည်းက မှန်ကန်သောမျိုးကို ရွေးချယ်စိုက်ပျိုးရန်မဖြစ်မနေလိုအပ်သည်။ မှန်ကန်သောမျိုးကို ရွေးချယ်စိုက်ပျိုးနိုင်မှသာ ဈေးကွက်တင်ရောင်းချရာမှာ ဈေးနှုန်းမြင့်မားစွာရရှိနိုင်လိမ့်မည်။ ထို့ကြောင့် စိုက်ပျိုးမည့်မျိုးကို မှန်ကန်စွာရွေးချယ်နိုင်မှသာ ရောင်းချရာတွင် အဖိုးတန်ပေမည်။

မျိုးနှင့်ပတ်သက်၍ အခြားစကားတစ်ခုမှာ **"မျိုးစေ့မမှန်၊ ပင်မသန်၊ ဖူးတံငုံကင်း၊ အသီးဖျင်း၏"** ဟူသော စကားပုံဖြစ်သည်။ စိုက်ပျိုးရေးတွင် မျိုးစေ့မမှန်လျှင် အစေ့မှထွက်လာသောအပင်သည် မသန်စွမ်းနိုင်၊ အပင်မသန်စွမ်းလျှင် အဖူး၊ အငုံမထွက်တော့ဘဲ အသီးညံ့ဖျင်းတတ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် အရင်းအမြစ်ဖြစ်သော မျိုးစေ့မှန်ကန်ကောင်းမွန်မှသာ သီးနှံအထွက်ဖြစ်သော ရလဒ်ကောင်းမွန်မည်ဖြစ်သည်။ မျိုးစေ့ဆိုသည်မှာ **"မျိုးရိုးဗီဇနှင့် ပြုစုပျိုးထောင်မှု"** တို့ကို ကိုယ်စားပြုသဖြင့် အရင်းအမြစ်ပျက်စီးပါက အသီးအပွင့်တည်းဟူသော **"မျိုးဆက်သစ်အရည်အသွေး"** ပါ နိမ့်ကျသွားမည်ဖြစ်ပေသည်။

### ဝါသီးနှံဆိုသည်မှာ

ဝါပင်သည် အဓိကအားဖြင့် ပင်တည်းဝတ်မှုန်ကူးသောသီးနှံဖြစ်သော်လည်း ပင်ခြားဝတ်မှုန်ကူးခြင်းလည်း ဖြစ်ပေါ်သည်။ ဝါပွင့်တွင် အဖိုအင်္ဂါနှင့်အမအင်္ဂါ နှစ်မျိုးလုံးသည် တူညီသောအပွင့်တစ်ပွင့်တည်းတွင် အတူတကွတည်ရှိသည်။ ဝါပွင့်များသည် နံနက်ပိုင်း စတင်ပွင့်ချိန်မှာပင် အဖိုအိတ်များ ပေါက်ကွဲပြီး မိမိအပွင့်ရှိ အမအင်္ဂါပေါ်သို့ ဝတ်မှုန်များ အလိုအလျောက်ကျရောက်သဖြင့်ပင်တည်းဝတ်မှုန်ကူးမှုကို အဓိကလုပ်ဆောင်သည်။

ဝါပွင့်သည် အရောင်တောက်ပပြီး ချိုမြသောဝတ်ရည်ရှိသောကြောင့် ပတ်ဝန်းကျင်ရှိ ပျားနှင့်ပိတုန်း စသည့် အင်းဆက်များကို ဆွဲဆောင်နေသဖြင့် ပင်ခြားဝတ်မှုန်ကူးခြင်းသည် ၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ဖြစ်ပေါ်တတ်သည်။ အင်းဆက်များသည် ဝါပွင့်တစ်ပွင့်မှတစ်ပွင့်သို့ ကူးသန်းသွားလာရာမှ အခြားဝါပင်၏ဝတ်မှုန်များကို သယ်ဆောင်လာပြီး ပင်ခြားဝတ်မှုန်ကူးခြင်းကိုဖြစ်စေသည်။ ထို့ကြောင့် ဝါမျိုးသန့်ထုတ်လုပ်သည့် စိုက်ခင်းများတွင် မျိုးမရောယှက်စေရန် တစ်ခင်းနှင့်တစ်ခင်း သီးခြားစီခွဲထားကာ စနစ်တကျမျိုးစေ့ထုတ်လုပ်ရသည်။

### ဝါမျိုးစေ့ထုတ်လုပ်ခြင်း

ဝါအထွက်နှုန်း မြင့်မားတိုးတက်ရေးအတွက် ဝါမျိုးကောင်းမျိုးသန့်သည် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးသော ကဏ္ဍမှပါဝင်နေသည်။ စိုက်ပျိုးရေးသိပ္ပံနည်းပညာနှင့် စိုက်ပျိုးနည်းစနစ်များ မည်မျှပင်ကောင်းမွန်စေကာမူ မျိုးစေ့၏



ဝါမျိုးစေ့များ



ပျားမှ ဝါပွင့်ထဲမှ ဝတ်ရည်စုပ်ယူနေစဉ်။

ဗီဇအရည်အသွေးညံ့ဖျင်းပါက အထွက်နှုန်းကောင်းခြင်းတည်းဟူသော ရလဒ်ကောင်းကို ရရှိနိုင်မည်မဟုတ်ပေ။ မြေယာပြုပြင်ခြင်း၊ မြေဩဇာကျွေးခြင်းနှင့် ပိုးမွှားကာကွယ်ခြင်း စသည့် စိုက်ပျိုးရေးနည်းစနစ်များသည် မျိုးစေ့၏ ဗီဇအလားအလာကို အပြည့်အဝဖော်ထုတ်ပေးရုံသာဖြစ်သဖြင့် မျိုးစေ့မမှန်ကန်ပါက မည်သည့်သွင်းအားစုမျှ ထိရောက်မှုရှိလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့်ဝါမျိုးကောင်းမျိုးသန့်သည် ပထမဆုံးနှင့်အရေးအကြီးဆုံးသောသော့ချက်ဖြစ်သည်။

ဝါမျိုးစေ့ထုတ်လုပ်ငန်းသည် ဝါသီးနှံကဏ္ဍတစ်ခုလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်သွေးကြောသဖွယ် အရေးပါသောကဏ္ဍဖြစ်သည်။ ဝါအထွက်နှုန်းနှင့် ဂွမ်းအရည်အသွေးကောင်းမွန်စေရန် ဝါမျိုးစေ့ထုတ်လုပ်ငန်းသည် မရှိမဖြစ်လိုအပ်သည်။ ထို့ပြင် ဝါမျိုးစေ့ထုတ်လုပ်ငန်းသည် ဝါစိုက်တောင်သူများ၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးရုံသာမက အထည်အလိပ်လုပ်ငန်းနှင့် ဝါဆီထုတ်လုပ်ငန်းတို့အတွက် အရည်အသွေးမြင့်ကုန်ကြမ်းကို အာမခံချက်ပေးနိုင်သည့်ဝါတန်ဖိုးကွင်းဆက်တစ်ခုလုံး၏ အစပြုရာနေရာဖြစ်သည်။ မျိုးစေ့ထုတ်လုပ်ငန်းစနစ်တကျမထွန်းကားလျှင် မျိုးစေ့များ၏ မျိုးဗီဇများ တဖြည်းဖြည်းဆုတ်ယုတ်ပြီး ပျက်စီးသွားမည်ဖြစ်သဖြင့် ဝါမျိုးစေ့ထုတ်လုပ်ငန်းသည် ဝါအခြေခံစီးပွားရေးကဏ္ဍတစ်ခုလုံး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မရှိမဖြစ်လိုအပ်သော မဟာဗျူဟာမြောက်ဆောင်ရွက်ရမည့် ကဏ္ဍတစ်ခုဖြစ်သည်။

ဝါမျိုးစေ့ထုတ်လုပ်ရာတွင် ရိုးရိုးမျိုးစေ့ထုတ်လုပ်ခြင်းနှင့် F1 မျိုးစေ့ထုတ်လုပ်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ ရိုးရိုးမျိုးစေ့ထုတ်လုပ်ခြင်းဆိုသည်မှာ လွတ်လပ်စွာဝတ်မှုန်ကူးစပ်သောမျိုးများတွင် မျိုးစေ့ထုတ်လုပ်ခြင်းကိုခေါ်သည်။ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်းဟုလည်း ခေါ်နိုင်သည်။ F1 မျိုးစေ့ထုတ်လုပ်ခြင်းဆိုသည်မှာ အရည်အသွေးနှင့်အထွက်နှုန်းအလွန်ကောင်းမွန်သော မိဘလိုင်းနှစ်ခုကို လုပ်သားအင်အား၊ နည်းပညာအင်အားဖြင့် စနစ်တကျဝတ်မှုန်ကူးစပ်ပြီး ထုတ်လုပ်ထားသော ပထမသားဆက် မျိုးစေ့ထုတ်လုပ်ခြင်းဖြစ်သည်။

### မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်း

ဝါမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ရာတွင် အဆင့်ငါးဆင့်ရှိသည်။ ၎င်းတို့မှာ အမြုတေမျိုးသန့်အဆင့်၊ မိဘမျိုးစေ့၊ ဆင့်ပွားမျိုးစေ့၊ မျိုးသန့်မျိုးပွားမျိုးစေ့နှင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့တို့ဖြစ်သည်။ အမြုတေမျိုးသန့်အဆင့်ကို စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲရှိ လွန်ကျော်ခြံနှင့် ရွှေတောင်ခြံတို့တွင် ပွားများသည်။ ရရှိလာသော မိဘမျိုးစေ့များကို ဆင့်ပွားမျိုးစေ့ထုတ်လုပ်ရန် မျိုးသန့်ခြံငါးခြံသို့ ဖြန့်ဖြူးပေးသည်။ ခြံများမှရရှိလာသော ဆင့်ပွားမျိုးစေ့များကို ဝါအထူးဇုန်၊ စံပြကွက်များနှင့် ဝါမျိုးစေ့ထုတ်တောင်သူများထံသို့ မြို့နယ်များမှတစ်ဆင့် ဖြန့်ဖြူးပေးသည်။ ဆင့်ပွားမျိုးစေ့အဆင့်သည် မျိုးစေ့အဆင့်အရ အဆင့်(၃)သာရှိသေးသည့်အတွက် စီးပွားဖြစ်စိုက်ပျိုးမည့် တောင်သူများထံသို့ တိုက်ရိုက်ဖြန့်ဖြူး၍ မရသေးပါ။

ဝါခြံများမှရရှိလာသော ဆင့်ပွားမျိုးစေ့အဆင့်ကို မြို့နယ်အလိုက် စံပြကွက်များ၊ မျိုးစေ့ထုတ် အထူးဇုန်များ၊ ဝါမျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များမှ စိုက်ပျိုးကာ မျိုးသန့်မျိုးပွား မျိုးစေ့အဆင့်ကို ပွားများထုတ်လုပ်ကြသည်။ ရရှိလာသော မျိုးသန့်မျိုးပွားမျိုးစေ့ကို မျိုးစေ့ထုတ်တောင်သူများမှ စိုက်ပျိုးကာ စီးပွားဖြစ်မျိုးသန့်မျိုးစေ့ကို ထုတ်လုပ်ကြသည်။ စီးပွားဖြစ် မျိုးသန့်မျိုးစေ့အဆင့် ရောက်မှသာ စီးပွားဖြစ်စိုက်ပျိုးမည့် ဝါစိုက်တောင်သူများထံသို့ ဖြန့်ဖြူးပေးသည်။

### F1 မျိုးစေ့ထုတ်လုပ်ခြင်း

ဝါသီးနှံတွင် F1 မျိုးစေ့ထုတ်လုပ်ခြင်းသည် ဗီဇအရည်အသွေးကွဲပြားပြီး အားသာချက်ချင်းမတူညီသည့် မိဘလိုင်းနှစ်ခုကို စနစ်တကျကူးစပ်ပေး၍ မျိုးစေ့ထုတ်ခြင်းဖြစ်သည်။ ဝါသည် ပင်တည်းဝတ်မှုန်ကူးစပ်သော အပင်အမျိုးအစားဖြစ်သော်လည်း အခြားအပင်နှင့် ပင်ခြားဝတ်မှုန်ကူးစပ်နိုင်သဖြင့် F1 မျိုးစေ့ထုတ်လုပ်ရန် လူလုပ်အားကို အဓိကထားအသုံးပြုရသည်။

အထွက်ကောင်း၍ ဒေသရေမြေနှင့် ကိုက်ညီသော အမလိုင်းနှင့် ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသော သို့မဟုတ် ဂွမ်းမွေးအရည်အသွေးထူးကဲသော အဖိုလိုင်းတို့ကို ရွေးချယ်ပြီး F1 မျိုးထုတ်လုပ်နိုင်သည်။ F1 မျိုးထုတ်ရာတွင် စိုက်ခင်းအတွင်း မျိုးမရောစေရန် အခြားဝါစိုက်ခင်းများနှင့် အနည်းဆုံး မီတာ ၃၀ မှ ၅၀ ခန့်အထိ ခွဲခြားထားရမည်။ အမလိုင်းနှင့်အဖိုလိုင်းကို မျိုးကူးစပ်ရလွယ်ကူနိုင်စေရန် အမလေးတန်း၊ အဖိုတစ်တန်းစိုက်ပျိုးရမည်။

အမလိုင်းအပင်မှ မနက်ဖြန် ဝါပန်းပွင့်မည့်ဝါဖူးများကို ညနေခင်းအချိန်တွင် အပ် သို့မဟုတ် ခေါင်းဦးချွန်ဖြင့် အပေါ်ယံအကာကိုအသာအယာခွဲပြီး အတွင်းရှိ အဖိုဝတ်မှုန်အိမ်များကို အမမျိုးပွားအင်္ဂါကို မထိခိုက်စေဘဲ အကုန်လုံးဖယ်ရှားပစ်ရမည်။ လေတွင်ပါလာသော အခြားဝတ်မှုန်များ မဝင်နိုင်စေရန် အမပွင့်ဖူးကို စက္ကူအိတ်ဖြင့် စနစ်တကျစွပ်ပြီး ကြိုးဖြင့် အမှတ်အသားပြုချည်ထားရမည်။

နောက်တစ်နေ့ နံနက် ၈ နာရီမှ ၁၀ နာရီဝန်းကျင် ဝါပန်းများပွင့်ချိန်တွင် အဖိုလိုင်းအပင်များမှ လတ်ဆတ်ပြီးအပင်ပေါက်နိုင်စွမ်းရှိသော အဖိုဝတ်မှုန်များကို စုဆောင်းရမည်။ ထို့နောက် ယခင်နေ့က စက္ကူအိတ်စွပ်ထားသော အမပွင့်များကို အိတ်ချွာပြီး စုဆောင်းထားသော အဖိုဝတ်မှုန်များကို အမမျိုးပွားအင်္ဂါပေါ်သို့ ညင်သာစွာဖြန့်ကြဲပေးရမည်။ ထို့နောက် အခြားဝတ်မှုန်များနှင့် အင်းဆက်များ ထပ်မံမဝင်ရောက်နိုင်စေရန် အိတ်ကိုပြန်စွပ်ထားရမည်။ F1 မျိုးအစစ်အမှန်ဖြစ်ကြောင်း အရောင်ပါသောကြိုးဖြင့် အမှတ်အသားပြုလုပ်ထားရမည်။

ဝတ်မှုန်ကူးစပ်မှုအောင်မြင်သော အမပွင့်များသည် သီးလုံးများ ဖြစ်လာမည်။ ဝါသီးများရင့်မှည့်၍ ဝါဂွမ်းကွဲချိန်တွင် အမှတ်အသားပြုထားသော မျိုးသီးလုံးများကိုသာ သီးသန့်ဂရုတစိုက်ဆွတ်ခူးရသည်။ ဆွတ်ခူးရရှိသော ဝါဂွမ်းများထဲမှ အစေ့များကို စက်ဖြင့် သို့မဟုတ် ဓာတုဗေဒနည်းဖြင့် ဂွမ်းမွေးများ ကွာကျအောင်ပြုလုပ်ပြီးနောက် ရရှိလာသော အစေ့များသည် "F1 ဝါမျိုးစေ့" များဖြစ်လာသည်။

F1 ဝါမျိုးစေ့များသည် ပထမသားဆက်ဖြစ်သည့်အတွက် F1 မျိုးစေ့ကိုစိုက်ပျိုးပြီး ထွက်ရှိလာသော ဒုတိယသားဆက် F2၊ တတိယသားဆက် F3 မျိုးစေ့များကို ထပ်မံမျိုးချန်၍ စိုက်ပျိုးလျှင် အထွက်နှုန်းနှင့် အရည်အသွေးများ သိသိသာသာ လျော့ကျသွားနိုင်သည်။ ထို့ကြောင့် ဒုတိယသားဆက် F2၊ တတိယသားဆက် F3 မျိုးစေ့များကို ထပ်မံမျိုးချန်၍ မစိုက်ပျိုးရပါ။

စာမျက်နှာ ၁၄ သို့ ▲

✿ **ဝါမျိုးစေ့ထုတ်လုပ်ငန်းသည် ဝါသီးနှံကဏ္ဍတစ်ခုလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်သွေးကြောသဖွယ် အရေးပါသောကဏ္ဍဖြစ်သည်။ ဝါအထွက်နှုန်းနှင့် ဂွမ်းအရည်အသွေးကောင်းမွန်စေရန် ဝါမျိုးစေ့ထုတ်လုပ်ငန်းသည် မရှိမဖြစ်လိုအပ်သည်။ ထို့ပြင် ဝါမျိုးစေ့ထုတ်လုပ်ငန်းသည် ဝါစိုက်တောင်သူများ၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးရုံသာမက အထည်အလိပ်လုပ်ငန်းနှင့် ဝါဆီထုတ်လုပ်ငန်းတို့အတွက် အရည်အသွေးမြင့်ကုန်ကြမ်းကို အာမခံချက်ပေးနိုင်သည့် ဝါတန်ဖိုးကွင်းဆက်တစ်ခုလုံး၏ အစပြုရာနေရာဖြစ် . . .**

## သတင်းမှတ်စု ပင်လယ်လှိုင်းများကြားမှ နှစ်ပေါင်း ၁၀၀ ကျော် ရှင်သန်နေသော ဟိုင်းကြီးကျွန်း ဝါဆိုလှိုင်းခုန်ပွဲတော်

လှိုင်မျိုးအောင်(ဟိုင်းကြီးကျွန်း ပြန်/ဆက်)

မိုးရာသီကာလတွင် မြန်မာနိုင်ငံရှိ ဒေသအသီးသီး၌ ရှေးအစဉ်အဆက် ထိန်းသိမ်းလာခဲ့သည့် ရိုးရာပွဲတော်များလည်း စည်ကားစွာ ကျင်းပလေ့ရှိသည်။

ထိုသို့သော ရိုးရာပွဲတော်များအနက် ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် နှစ်စဉ်ကျင်းပလျက်ရှိသော ဝါဆိုလှိုင်းခုန်ပွဲတော်သည် သဘာဝအလှတရား၊ ဒေသခံတို့၏ ရိုးရာယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပေါင်းစပ်ဖော်ပြနေသည့် ထူးခြားသော ပွဲတော်တစ်ခုဖြစ်သည်။

ပင်လယ်လှိုင်းများတိုက်ခတ်နေသော သဲသောင်ပြင်ပေါ်တွင်ကျင်းပသည့် အဆိုပါပွဲတော်သည် ဒေသခံများအတွက် ရိုးရာအစဉ်အလာတစ်ခုသာမက အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် ယဉ်ကျေးမှုခရီးသွားအစီအစဉ်တစ်ခုလည်း ဖြစ်လာခဲ့သည်။

ရာစုနှစ်တစ်ခုကျော်တည်တံ့လာသည့် ရိုးရာအမွေ ဟိုင်းကြီးကျွန်း ဝါဆိုလှိုင်းခုန်ပွဲတော်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်ကပင် သင်္ကြယ်သောင်၊ ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင်ကမ်းခြေတစ်လျှောက်ကျင်းပလာခဲ့သည့် ရိုးရာပွဲတော်တစ်ခုဖြစ်သည်။

အဆိုပါပွဲတော်သည် ရှေးအစဉ်အလာ ဝါဆိုပန်းခူးဓလေ့မှ ဆင်းသက်လာခြင်းဖြစ်သည်ဟု ဆိုကြသည်။ ဝါဆိုလပြည့်နေ့တွင် ကျေးရွာသူ၊ ကျေးရွာသားများသည် မိမိတို့နေထိုင်ရာပတ်ဝန်းကျင်ရှိ သဘာဝတောပန်းများကိုခူးယူကာ မြတ်စွာဘုရားရှင်အား ဆက်ကပ်လှူဒါန်းကြသည့် အစဉ်အလာရှိခဲ့သည်။

ဝါဆိုဝါခေါင်ရေဖောင်ဖောင် ဟူသည့်အတိုင်း ဝါဆိုလသည် မိုးရေများဖြင့် သဘာဝပတ်ဝန်းကျင်စိုပြည်လှပလာပြီး ပန်းမျိုးစုံပွင့်လန်းသည့် အချိန်ကာလဖြစ်သည်။ ထိုသဘာဝအလှနှင့်အတူ ဝါဆိုပန်းခူးဓလေ့သည် မြန်မာ့ယဉ်ကျေးမှုအတွင်း အရေးပါသောအစဉ်အလာတစ်ရပ်အဖြစ် ရပ်တည်လာခဲ့သည်။

ယင်းဓလေ့နှင့် ပင်လယ်ကမ်းခြေဒေသ၏ ထူးခြားသောသဘာဝအခြေအနေတို့ ပေါင်းစပ်လာရာမှ ဟိုင်းကြီးကျွန်း ဝါဆိုလှိုင်းခုန်ပွဲတော်အဖြစ် ယနေ့တိုင် ဆက်လက်ကျင်းပလာခြင်းဖြစ်သည်။

ဟိုင်းကြီးကျွန်းမြို့ရှိသောင်ပြင်တွင် ဝါဆိုလပြည့်ကျော် ၁ ရက်ရောက်တိုင်း လှိုင်းခုန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိသည်။

ပွဲတော်ကာလတွင် အနီးအနားရှိကျေးရွာများမှ ဒေသခံများသာမက ပုသိမ်မြို့၊ ရန်ကုန်မြို့နှင့် အခြားဒေသများမှ ဧည့်သည်များလည်း လာရောက်ကြပြီး ပွဲတော်၏ပျော်ရွှင်မှုများကို အတူတကွ မျှဝေဆင်နွှဲခံစားကြသည်။

လှိုင်းခုန်ပွဲမကျင်းပမီတစ်ရက်အလို ဝါဆိုလပြည့်နေ့တွင် ရပ်ဝေးသို့ ရောက်ရှိနေကြသောမိသားစုဝင်များသည် မိသားစုရှိရာသို့ အရောက်ပြန်လာလေ့ရှိပြီး ဝါဆိုလှိုင်းခုန်ပွဲတော်သို့ လာရောက်လေ့လာကြသော ခရီးသွားဧည့်သည်များလည်း ကြိုတင်လာရောက်ကြသည်။

နောက်တစ်နေ့ နံနက်ခင်းတွင် လှိုင်းလုံးများ ပိုမိုတက်ကြွလာချိန်၌ သောင်ပြင်သို့စုဝေးကာ လှိုင်းခုန်ပွဲတော်တွင် ပျော်ရွှင်စွာပါဝင်ကြသည်။

ပင်လယ်ရေလှိုင်းများကို ခုန်ကျော်ကစားကြသည့် မြင်ကွင်းများ၊ ရယ်မောပျော်ရွှင်နေကြသည့်လူငယ်များ၊ မိသားစုများ၏ ပျော်ရွှင်မှုများသည် ပွဲတော်၏အမှတ်တရဖြစ်စရာ မြင်ကွင်းများဖြစ်သည်။

ရိုးရာပျော်ရွှင်မှုနှင့် ဘာသာရေးအစဉ်အလာ ဟိုင်းကြီးကျွန်း ဝါဆိုလှိုင်းခုန်ပွဲတော်၏ထူးခြားချက်မှာ ပျော်ရွှင်ဖျော်ဖြေရေးသာမက ဘာသာရေးနှင့် ယဉ်ကျေးမှုအစဉ်အလာများကိုပါ တစ်ပြိုင်နက် ထိန်းသိမ်းထားခြင်းဖြစ်သည်။



လှိုင်းခုန်ပွဲတော်ကျင်းပပြီး ညနေပိုင်းတွင် ကျေးရွာများ၌ ရွာသူ၊ ရွာသားများက ပန်းမျိုးစုံတို့ကို ယူဆောင်လာကြပြီး ဝါဆိုပန်းလှူသည့် ပွဲတော်များကို ဆက်လက်ကျင်းပကြသည်။ ရွာသူ၊ ရွာသားများသည် ဝါဆိုပန်းများကိုယူဆောင်ကာ စေတီတော်များနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဆက်ကပ်လှူဒါန်း၍ နှစ်တစ်နှစ်၏ ဝါဆိုလှိုင်းခုန်ပွဲတော်ကို အဆုံးသတ်ပြီးမြောက်စေခဲ့သည်။

ထိုသို့ ရိုးရာပျော်ပွဲနှင့် ဘာသာရေးဆိုင်ရာကုသိုလ်ပြုမှုတို့ ပေါင်းစပ်တည်ရှိနေခြင်းသည် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဝါဆိုလှိုင်းခုန်ပွဲတော်၏ ထူးခြားသောအလှတရားတစ်ရပ်ဖြစ်သည်။

ပင်လယ်အလှနှင့်အတူ လည်ပတ်နိုင်သည့်ခရီးစဉ် ဟိုင်းကြီးကျွန်းဒေသသည် ဝါဆိုလှိုင်းခုန်ပွဲတော်သာမက ပင်လယ်သဘာဝအလှများ၊ ကမ်းခြေရှုခင်းများနှင့် ဘာသာရေးဆိုင်ရာနေရာများကြောင့်လည်း ခရီးသွားများ စိတ်ဝင်စားသည့် ဒေသတစ်ခုဖြစ်သည်။

ဝါဆိုလှိုင်းခုန်ပွဲတော်သို့လာရောက်စဉ် မြန်မာနိုင်ငံ၏တောင်ဘက်စွန်းဒေသရှိသဘာဝအလှတရားများထဲမှ တစ်ခုဖြစ်သည့် ကျောက်ကလပ်ကမ်းခြေသို့လည်း သွားရောက်လည်ပတ်နိုင်သည်။ ထို့ပြင် ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်အား ဝင်ရောက်ဖူးမြော်ခြင်း၊ သမီးလှကျွန်း ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးစခန်းသို့ ဝင်ရောက်လေ့လာခြင်း၊ အင်္ဂလိပ်ခေတ်တွင် ဆောက်လုပ်ထားသော ဟိုင်းကြီးမီးပြတိုက်အား သွားရောက်လေ့လာခြင်းဖြင့် ခရီးစဉ်ကို ပိုမိုပြည့်စုံစေနိုင်သည်။

ဟိုင်းကြီးကျွန်းမြို့၌ ရှေးအစဉ်အလာအတိုင်း ဝါဆိုလှိုင်းခုန်ပွဲတော်ကို ဇူလိုင်လ ၃၀ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

ပင်လယ်လှိုင်းများ၏ အလှတရား၊ ရာစုနှစ်တစ်ခုကျော်ရှင်သန်လာသည့် ရိုးရာအမွေ၊ ဒေသခံပြည်သူများ၏ ဖော်ရွေပျူငှာမှုနှင့် သဘာဝအေးချမ်းမှုတို့ကို တစ်နေရာတည်းတွင်ခံစားနိုင်မည့် ဟိုင်းကြီးကျွန်း ဝါဆိုလှိုင်းခုန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှုခရီးသွားလုပ်ငန်းအတွက် စိတ်ဝင်စားဖွယ်ရာ နေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

---

▲ စာမျက်နှာ ၁၃ မှအဆက်

**မျိုးစေ့ရောင်းချခြင်းလုပ်ငန်း**

မြန်မာနိုင်ငံတွင် သီးနှံမျိုးစေ့ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းကို မျိုးစေ့ဥပဒေအရ စနစ်တကျမှတ်ပုံတင်ပြီးမှသာ လုပ်ကိုင်ခွင့်ရှိသည်။ မျိုးစေ့ရောင်းချလိုသူများသည် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့လုပ်ငန်းလိုင်စင်ရရှိပြီးမှသာ ရောင်းချခွင့်ရှိသည်။ ထို့ပြင် မိမိရောင်းချမည့် ဝါသီးနှံမျိုးစေ့များသည် နိုင်ငံတော်မှ တရားဝင်စမ်းသပ်စစ်ဆေးပြီးသည့် အပင်မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိထားသော မျိုးများဖြစ်ရမည်။ အပင်မျိုးသစ်အသိအမှတ်ပြုလက်မှတ်မရရှိပါက စီးပွားဖြစ် ထုတ်လုပ်ရောင်းချခွင့်မရှိပါ။

မျိုးစေ့အရောင်းဆိုင်များသည် လိုင်စင်တွင်ဖော်ပြထားသော သီးနှံနှင့်မျိုးစေ့များကိုသာရောင်းချရခြင်း၊ သက်တမ်းကုန်ဆုံးနေသောမျိုးစေ့များနှင့် အရည်အသွေးစစ်ဆေးမှု မခံယူရသေးသော မျိုးစေ့များကို ဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရခြင်း စသောစည်းကမ်းချက်များဖြင့်သာ ရောင်းချကြရသည်။ ဝါမျိုးစေ့ထုတ်ရောင်းချသူများသည် အထွက်နှုန်းကောင်းပြီး အရည်အသွေးမီသည့် နိုင်ငံခြားဝါမျိုးစေ့များကို ရောင်းချရာတွင် F1 အဆင့်ဖြစ်သည့် ပထမမျိုးကိုသာ ဖြန့်ဖြူးရောင်းချရမည်။ F1 ကို စိုက်ပျိုး၍ ထွက်လာသော F2 အဆင့် ဒုတိယသားဆက်မျိုးစေ့များကို ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရပေ။

တောင်သူများအနေဖြင့် ဝါမျိုးစေ့ကို တွေ့ကရာဆိုင်မှ ဝယ်ယူစိုက်ပျိုးခြင်းမျိုး မလုပ်သင့်ပေ။ “မျိုးစေ့ဖိုး ချွေတာလျှင် အထွက်နှုန်းနည်းတတ်သည်” ဟူသော စကားကို သတိပြုရမည်ဖြစ်သည်။ ဈေးနှုန်းသက်သာမှုကိုကြည့်ပြီး မသေချာသော မျိုးစေ့များကို စိုက်ပျိုးခြင်းထက် သေချာ၍ ယုံကြည်စိတ်ချရသော မျိုးကောင်းမျိုးသန့်များကိုသာ ရွေးချယ်စိုက်ပျိုးကြရမည်။

တောင်သူဦးကြီးများအနေဖြင့် ဝါစိုက်ပျိုးထုတ်လုပ်မှုအောင်မြင်ရေးအတွက် “မျိုးစေ့သည် ပထမ၊ မျိုးစေ့သည် အဓိက” ဖြစ်သည်ကို နားလည်ရပေမည်။ မည်မျှပင် မြေယာကောင်းစေကာမူ မျိုးစေ့မှားယွင်းသွားပါက မိမိတို့စိုက်ထုတ်ခဲ့သမျှလုပ်အား၊ ကုန်ကျစရိတ်နှင့် အချိန်တန်ဖိုးများအားလုံး သဲထဲရေသွန်သကဲ့သို့ ဖြစ်သွားတတ်သည်။ ဆွဲဆောင်မှုရှိသော အရောင်းကြော်ငြာများကို သဘောကျ၍ သက်တမ်းကုန်ဆုံးနေသောမျိုးစေ့များ၊ ရောဂါပါလာမှုကို စိစစ်မထားသည့်မျိုးစေ့များနှင့်တရားဝင်တားမြစ်ထားသော F2 အဆင့် ဒုတိယသားဆက်မျိုးစေ့များကို လွယ်လွယ်ကူကူဝယ်ယူပြီး စိုက်ပျိုးခြင်းမှ အထူးရှောင်ကြဉ်ရန်လိုအပ်သည်။

ဝါစိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းကောင်းပြီး ဂွမ်းအရည်အသွေးကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနသို့မဟုတ် တရားဝင်မှတ်ပုံတင်ထားသော မျိုးစေ့ကုမ္ပဏီများမှ စနစ်တကျထုတ်လုပ်ထားသော မျိုးကောင်းမျိုးသန့်များကိုသာ သေချာစွာစိစစ်ရွေးချယ်ဝယ်ယူ၍ စိုက်ပျိုးကြရမည်။ “အစကောင်းမှ အနှောင်းသေချာ” ဆိုသည့်အတိုင်း ဝါစိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံး အောင်မြင်ဖြစ်ထွန်းစေရန် မစိုက်ပျိုးမီကတည်းက မျိုးစေ့မမှားရအောင် ယုံကြည်စိတ်ချရသည့် တရားဝင်ရင်းမြစ်များမှသာ စိစစ်ဝယ်ယူစိုက်ပျိုးကြပါရန် အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**ကျမ်းကိုး**

Wali,M, Munir,A, and Ijaz A (2020), Pollination Behavior of Cotton Crop and its Management in Book: Cotton Production and Uses, pp.163–175.

# ပြည်တွင်း၌ ကုန်စျေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရေးအတွက် နိုင်ငံပိုင်စက်ရုံများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နေသည့် စက်ရုံများမှကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၉

ပြည်တွင်း၌ ကုန်စျေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရေးအတွက် နိုင်ငံပိုင်စက်ရုံများ၊ အစိုးရ-ပုဂ္ဂလိက (Public-Private Partnership-PPP) ပူးပေါင်းဆောင်ရွက်နေသည့် စက်ရုံများမှကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်ရုံမှူးများနှင့်တာဝန်ရှိသူများအား တွေ့ဆုံစဉ် တိုက်တွန်းမှာကြားခဲ့သည်။

ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပုဂ္ဂလိကလုပ်ငန်းများမှကုန်ထုတ်လုပ်မှုလုပ်ငန်းများစဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် စျေးကွက်အတွင်း ဝယ်လိုအားနှင့် ရောင်းဝယ်ဖောက်ကားမှု မျှခြေဖြစ်အောင် ဆောင်ရွက်ပေးရန်၊ စျေးကွက်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ လိုအပ်သော ကုန်ကြမ်းများ၊ စက်အရန်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိရန်၊ ပုဂ္ဂလိကမှကုန်ထုတ်လုပ်မှုဆောင်ရွက်သည့် လုပ်ငန်းများ၏ လိုအပ်ချက်များကိုထိရောက်စွာ ကူညီဖြည့်ဆည်းနိုင်ရေးအတွက် စက်ရုံအရောက်မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးရန်လည်း မှာကြားခဲ့သည်။



ယနေ့နံနက်ပိုင်းတွင်လည်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဝန်ကြီးဌာနက Win & Win Co., Ltd. သို့ ငှားရမ်းထားရှိသည့် စက်ဘီးစက်ရုံ(ရန်ကုန်)နှင့် အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)တို့မှ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံဆွေးနွေးပြီး စက်ရုံများအတွင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ဝါတွင်းကာလ ဝါဆို၊ ဝါကပ်တော်မူကြမည့် ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်း ၃၂၄၂ ပါးကို ဆွမ်းဆန်စိမ်း လောင်းလှူ




ဘားအံ ဇူလိုင် ၂၉

ဝါတွင်းကာလ ဝါဆို၊ ဝါကပ်တော်မူကြမည့် ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်း ၃၂၄၂ ပါးကို ဆွမ်းကိစ္စခက်ခဲပင်ပန်းမှုမရှိစေရန်၊ ပစ္စည်းလေးပါးအဆင်ပြေစေရန်နှင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကို အထောက်အပံ့ဖြစ်စေရန် ရည်မှန်း၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ မြို့မိမြို့ဖများ၊ ဗုဒ္ဓဘာသာနွယ်ဝင် စေတနာရှင်၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပြီး ယနေ့ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ယနေ့ မွန်းလွဲ ၁ နာရီတွင် ဘားအံမြို့ ကျက်သရေဆောင်သေဋ္ဌမာရ်အောင်ဘုရားကြီး၌ အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အကြိမ်(၃၀)မြောက်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဘားအံမြို့ပေါ်နှင့်ပတ်ဝန်းကျင်မှ ဘုန်းတော်ကြီးကျောင်း ၇၈ ကျောင်း၊ သီလရှင်ကျောင်း ၂၀ တို့မှသံဃာတော်၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၃၂၄၂ ပါးတို့အတွက် ဆွမ်းဆန်အပြင် ဆီ၊ ဆေး၊ ဆား၊ ခေါက်ဆွဲခြောက်အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်း လောင်းလှူခဲ့ကြကြောင်း သိရသည်။

အဆိုပါလောင်းလှူပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများလည်း တက်ရောက်လောင်းလှူကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## မိုး ဆက်လက် ရွာမည်

နေပြည်တော် ဇူလိုင် ၂၉

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

(မိုး/ဇလ)

# ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၃၂)အစုန် DEMU ရထားတွဲဆိုင်းအား ခဲဖြင့်ပေါက်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၉

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယနေ့ညနေ ၃ နာရီ ၅ မိနစ်တွင် အမှတ်(၃၂)အစုန်နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် သဃ်န်းကျွန်းနှင့် မလွှကုန်းဘူတာအကြား မိုင်တိုင်အမှတ် ၃/၉-၁၀ သုဝဏ္ဏခုံးတံတားကို ဖြတ်သန်းစဉ် ရထား၏ ညာဘက်မှခဲဖြင့်ပစ်ပေါက်ခံရမှုကြောင့် ရထားတွဲဆိုင်းပါ ပထမဆုံးတွဲအမှတ် DEMU F(C)-4029 ၏ ညာဖက်ခြမ်းခရီးသည်အတက်/ အဆင်းတံခါးပေါက် အောက်ဆုံးမှန်ထိမှန်၍ ကြေမွအက်ကွဲမှုဖြစ်ပွားပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။




အမှတ်(၃၂)အစုန် နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထား ခဲဖြင့်ပစ်ပေါက်ခံရမှုကြောင့် အတက်/အဆင်းတံခါးပေါက်မှန်ကြေမွအက်ကွဲမှုဖြစ်ပွားခဲ့မှုကိုတွေ့ရစဉ်။

ဖြစ်ပွားရာနေရာသို့ သဃ်န်းကျွန်း ရထားရဲစခန်းနှင့်တိုးကြောင်ကလေး ရထားရဲစခန်း တာဝန်ရှိသူများသွားရောက်၍ တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါဖြစ်စဉ်ကြောင့်ရထားကြန့်ကြာမှု ငါးမိနစ်ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်းပြေးဆွဲခဲ့ကြသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ) အရ ရထားကိုတစ်စုံတစ်ရာဖြင့်ပစ်ပေါက်ခြင်း (သို့မဟုတ်) တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ကြောင်း သိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သိရှိရသည်။

မြဝတီ

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ လက်လုပ်တောင်တောရ ရွှေနန်းသွင်းစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။
ဓာတ်ပုံ- အောင်လှိုင်ဝင်း



ကျောက်ဆည်မြို့ရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

**➤ ရှေ့ဖုံးမှအဆက်**

စတင်ကြားရသောနေ့ဖြစ်ခြင်း စသည်ဖြင့် ထူးခြားသည့်ဂုဏ်ဒြပ်တို့နှင့် ပြည့်စုံသောနေ့ထူးနေ့မြတ်ဖြစ်သည်။

အဆိုပါနေ့ထူးနေ့မြတ်တွင်ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုပန်းများကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များရွတ်ပွားပူဇော်ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ စတုဒိသာအလှူများ ကျွေးမွေးလှူဒါန်းကြခြင်းစသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရန်ကုန်မြို့ရှိရွှေတိဂုံစေတီတော်မြတ်ကြီးနှင့်မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသူများနှင့်စည်ကားလျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေ အနားယူကြသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



မကွေးမြို့ရှိ မြသလွန်စေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။
ဓာတ်ပုံ-(၄၁၀)



မြစ်ကြီးနားမြို့ရှိ ရှေးဟောင်းသမိုင်းဝင် လောကမာန်အောင် ဆုတောင်းပြည့်စေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။
ဓာတ်ပုံ-ခရိုင်(ပြန်/ဆက်)



ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန်၌ အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေကြာသင်္ကန်း ကပ်လှူပူဇော်



နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား (၁၈) ကြိမ်မြောက် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် စေတီတော်ရင်ပြင်တော်ပေါ်ရှိစေတီတော်လိုဏ်အတွင်း ကျင်းပသည်။

ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲတွင် အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာဗုဒ္ဓရုပ်ပွားတော်ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်ကလည်းကောင်း၊ တောင်အရပ်ရှိ ကကုသန္ဓဗုဒ္ဓရုပ်ပွားတော်ကို နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းကလည်းကောင်း၊ အနောက်အရပ်ရှိ ကောဏာဂမနဗုဒ္ဓရုပ်ပွားတော်ကို ဒုတိယဝန်ကြီး ဦးလင်းအောင်ကလည်းကောင်း၊ မြောက်အရပ်ရှိ ကဿပဗုဒ္ဓရုပ်ပွားတော်ကို အမြဲတမ်းအတွင်းဝန်ကလည်းကောင်း ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များနှင့်အတူ ဗုဒ္ဓရုပ်ပွားတော် ၄ ဆူအား ဆွမ်း၊ သစ်သီး၊ ပန်းနှင့်ရေချမ်းတို့ ကပ်လှူပူဇော်ကြကြောင်း သိရသည်။

မြဝတီ

# ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကောင်းမှုကုသိုလ်ပြုကြသူများဖြင့်စည်ကား



နေပြည်တော် ဇူလိုင် ၂၉

ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားသည့် နေ့တစ်နေ့ဖြစ်သည်နှင့်အညီ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း၊ ရပ်ကွက်၊ လမ်းများရှိ ဓမ္မာရုံများ၌ ဓမ္မစကြာတရားများကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌လည်း ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှလာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားခဲ့ပြီး ဘာသာရေး၊ လူမှုရေးဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်ကို ရွတ်ဆိုပူဇော်ခြင်း၊ သီလဆောက်တည်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းတို့ဖြင့် ဝါဆိုလပြည့်အခါသမယတွင် ကုသိုလ်ကောင်းမှုပြုကြသည်။

ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများစွာ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

အလားတူ နေပြည်တော်ရှိ အခြားဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများနှင့် ဓမ္မရိပ်သာများတွင် မိသားစုလိုက်၊ အစုအဖွဲ့လိုက် ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုပန်းများကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းတို့ဖြင့် အေးချမ်းစွာကုသိုလ်ပြုကြသည်။

ယနေ့ဝါဆိုလပြည့်နေ့သည် အများပြည်သူရုံးပိတ်ရက်လည်းဖြစ်သည့်အတွက် နေပြည်တော်အတွင်းရှိ အထင်ကရအပန်းဖြေအနားယူရာနေရာများတွင် လွတ်လပ်ပေ့ါပါးပျော်ရွှင်စွာ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အနားယူအပန်းဖြေကြသည့် ပြည်သူများကို တွေ့ရှိရသည်။

မြဝတီ

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား

ရန်ကုန် ဇူလိုင် ၂၉

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏နေ့ထူးနေ့မြတ် ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရားစေတီပုထိုးများတွင် ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့သည်။



ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)အခမ်းအနားများအဖြစ် ရွှေတိဂုံစေတီတော်မြတ် ကြီးအား အရုဏ်ဆွမ်းတော်ကြီးဆက်ကပ်ပူဇော်ပွဲ၊ ရွှေကြာသင်္ကန်းလှည့်လည်ပူဇော်ပွဲ၊ သီလခံယူပွဲတို့ကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့နံနက် ၅ နာရီမှ စတင်ကာ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများတွင်ကျင်းပခဲ့သည်။

အခမ်းအနားများကို ဘုရားဖူးပြည်သူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများလည်း တက်ရောက်ကြည်ညိုပူဇော်ကြပြီး စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ၊ ဝါဆိုရွှေကြာသင်္ကန်းတော်များ၊ အလှူတော်ငွေများ ကပ်လှူပူဇော်ကြသည်။

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဆူလေးစေတီတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၊ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ဆုတောင်းပြည့်မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားနှင့် တိလောကဥဿျောင်မုနိရာဇအောင်မြေသဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်)တို့တွင်လည်း သက်ဆိုင်ရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြီးမှူး၍ ဩဝါဒါစရိယဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဝါတွင်းကာလသီလခံယူခြင်း၊ အလှူရှင်များက စတုဒိသာကျွေးမွေးခြင်းတို့အပါအဝင် ကုသိုလ်ပြုအစီအစဉ်များကိုဆောင်ရွက်ကြပြီး ပြည်သူများက အေးချမ်းစွာကုသိုလ်ပြုပါဝင်ခဲ့ကြသည်။

ထို့ပြင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရန်ကုန်မြို့ရှိ ဘုရားစေတီများကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများလာရောက်ဖူးမြော်ကြည်ညိုကြသည့်အတွက် ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားခဲ့သည်။

ဇော်မင်းလတ်-MNA

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့်စည်ကား

ညောင်ဦး ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ဇူလိုင်လ ၂၉ ရက် ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့) တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ပုံမှန်ရက်များတွင်ပင် ဘုရားဖူးများလာရောက်လျက်ရှိရာ အခါကြီးရက်ကြီးများနှင့် အစိုးရရုံးပိတ်ရက်များတွင် ဘုရားဖူးလာရောက်သူများပြားကြောင်း ဝါတွင်းကာလအတွင်း အဖိတ်၊ ဥပုသ်နေ့များတွင် ဘုရားဖူးမြော်ချိန်ကို နံနက် ၄ နာရီမှ ည ၉ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဂေါပကထားရှိသည့် ဘုရား ၁၉ ဆူအား ဝါတွင်းကာလ၌ နံနက် ၅ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ပေးပြီး ဘုရားဖူးမြော်ချိန်ကိုတိုးမြှင့်ပေးထားကြောင်း၊ ဝါဆိုလပြည့်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများပြားခဲ့ရာ မြင်းလှည်းအငှားလိုက်သူများ၊ E-Bike၊ မီနီအိုးဝေအငှားလိုက်သူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်များ၊ လက်ပန်းချီရေးဆွဲသူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြကာ ဟိုတယ်နှင့်တည်းခိုရိပ်သာများတွင်လည်း လာရောက်တည်းခိုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဒီပါလင်း



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Military columns capture Bokkan model Village,temporarily dominated by terrorist insurgents, on Kalay-Tamu road in Tamu Township

NAY PYI TAW July 29

Military columns are restlessly, strenuously, and self-sacrificingly conducting counter-terrorism operations and area security operations to recapture towns and villages temporarily dominated by insurgent terrorists, one after another, in order to regain control and reopen the Kalay-Tamu road as quickly as possible.

In their operations to regain control of and reopen the Kalay-Tamu Road, the military columns regrouped and prepared systematically, conducting area security operations day and night at the risk of their lives in coordination after splitting into separate columns. The column that came from Tamu captured the area in and around Yanlinphaing Village, and the other columns advancing from Kalay regained control of the towns and villages along the Kalay-Tamu road one after another through gradual progress, capturing the new Htinzin Village and the old Htinzin Village on 26 July.

The military columns continued their mission with utmost capability and courage to reopen the Kalay-Tamu road at the earliest possible date and to ensure a safe turning of the locals, and yesterday evening, they captured Bokkan model Village, about 6,200 meters north of Htinzin Village.

During the time, terrorist insurgents set up temporary bases at the areas under their brief domination, bullying, tyrannizing, and forcibly taking away food or using the utensils, wealth, valuable items by relying on their weapons. They also set up fortified positions such as trenches and bunkers in the residential buildings, destroyed station hospitals, schools and departmental buildings, and were abducting, torturing and killing the locals who did not support them mercilessly.

Military columns are conducting area security operations with uninterrupted momentum to reopen the Kalay-Tamu road at the earliest possible date. They are now repairing or rebuilding the homes and buildings of the locals, departmental buildings, and roads and bridges, destroyed by the inhuman acts of the terrorist insurgents, cooperating with the relevant departments, and locals, to restore and redevelop the socio-economic lives including health and education sectors of the local people soonest, and conducting mine clearing missions for the safety of locals.

100



Tatmadawmen guarding the 100Kva diesel power station in Bokkan model Village.



The photo shows the 100 Kva diesel power station.





Victorious Tatmadawmen seen in front of the station hospital in Bokkan model Village.



Tatmadawmen carrying security duties at the basic education high school.



The photo shows the Bokkan model Village BEHS.



The photo shows the fortified positions set up by terrorist insurgents at the residential buildings.







The photos show the fortified positions set up by terrorist insurgents at the residential buildings.

# Shwebo District decides to grow more than 4,000 acres of banana this monsoon



SHWEBO July 29

Statistics of Shwebo District Agriculture Department in Sagaing Region stated that local farmers will grow more than 4,000 acres of banana in Shwebo District this year.

During the 2026-2027 monsoon cropping season, Shwebo District plans to cultivate bananas on a total of 4,019 acres across its townships. The township-wise targets are 1,420 acres in Shwebo Township, 268 acres in KhinU Township, 2,311 acres in Wetlet Township, and 20 acres in Kyaukmyaung Sub-township.

"This year, during the monsoon season, Shwebo District is targeting the cultivation of more than 4,000 acres of bananas. Efforts will be made to ensure that the targeted acreage is fully achieved. Preparations are currently underway to begin cultivation within this month. Recently, banana cultivation has also been increasingly seen on farm embankments. In general, pest and disease incidence is relatively low," said Daw Zar Zar Min, Head of the Shwebo District Department of Agriculture.

Banana growers reportedly plant around 1,000 banana plants per acre. Cultivation costs can reach up to Ks-2 million per acre until the fruit-bearing stage, while returns at harvest time can amount to around Ks-5 million per acre.

The Shwebo District Department of Agriculture will also conduct field-based awareness and educational activities on good agricultural practices, including discussions on the dangers of chemical residue contamination in food crops and the proper use of registered pesticides in accordance with the instructions and recommended application rates on product labels, in order to ensure the production of safe food crops.

**SMK**

# Authorities earmark cultivation of over 7,000 acres of groundnut in Kyunhla Township



KYUNHLA July 29

According to the township Agriculture Department, local authorities earmarked cultivation of more than 7,000 acres of groundnut in Kyunhla Township of Sagaing Region this monsoon.

During the 2026-2027 monsoon crop cultivation season, Kyunhla Township has targeted the cultivation of 7,247 acres of groundnuts, and at present, farmland is being plowed in preparation for planting the crop.

"This year, during the monsoon cultivation season, more than 7,000 acres of groundnuts are planned to be cultivated in Kyunhla Township. Preparations are currently underway to begin planting groundnuts within this month. Efforts will also be made to ensure that the targeted acreage is fully achieved. Oilseed crops are currently in a successful condition, and groundnut cultivation has been increasing year by year," said Daw Myint Myint Yi, township head of the Department of Agriculture in Kyunhla Township.

In Kyunhla Township, about one and a half baskets of seed are required per acre for groundnut cultivation. Including seed costs, labor charges, fertilizer, and pesticide expenses, the cultivation cost exceeds Ks-200,000 per acre. Yields can reach more than 50 baskets per acre.

This year, staff from the township Department of Agriculture will conduct field inspections and monitoring activities in groundnut plantations to ensure successful crop production, prevent pest and disease outbreaks, and keep fields free from weeds.

**SMK**

# All plantations of Bocade bean harvested in Wakema Township

WAKEMA July 29

"Local farmers have harvested all plantations of Bocade bean in Wakema Township of Ayeyawady Region," said Daw Khin Htay Myint, the head of Myaungmya District Agriculture Department.

During the winter crop growing season, farmers in Wakema Township were able to cultivate 5,059 acres of Bocade bean crops. The cultivated Bocade beans have now been harvested, and as of today, all 5,059 targeted acres have been completely harvested, with an average yield of up to 17.37 baskets per acre.

"During the winter cropping season, more than 5,000 acres of Bocade beans were targeted for cultivation. In some areas, farmers selected and planted high-quality certified seeds. The Department of Agriculture provided agricultural technical assistance to ensure that winter crops could be cultivated without difficulties. To protect winter crops from pests and diseases and to achieve good yields, we cooperated with local farmers in carrying out the necessary measures. At a time when the prices of fertilizers and pesticides are rising, we have also been conducting awareness and technical training programs to help farmers use these inputs systematically and avoid unnecessary waste," said Daw Khin Htay Myint.

In Myaungmya Township, the Department of Agriculture has been working closely with local farmers to ensure that winter Bocade bean cultivation can be carried out systematically and without difficulties according to the targeted acreage. The department has also been conducting field-based farmer education activities to promote good agricultural practices, improve crop yields and quality, and prevent pest and disease outbreaks.

**SK**

# Shwebo Township plans to cultivate more than 1,000 acres of butter bean this year

SHWEBO July 29

A plan is underway to grow more than 1,000 acres of butter bean in Shwebo Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 monsoon crop cultivation season, Shwebo Township has targeted the cultivation of 1,316 acres of butter beans, with planting scheduled to take place from June through September this year.

"This year, during the monsoon cultivation season, more than 1,000 acres of butter beans are planned for cultivation in Shwebo Township. Efforts will be made to ensure that the targeted acreage is fully achieved. Butter bean cultivation has been successful, and farmers rely on growing the crop because it fetches good market prices," said U San Oo, head of the Department of Agriculture in Shwebo Township.

In Shwebo Township, local farmers are cultivating butter beans both as a standalone crop and, in some cases, as an intercropped crop to generate additional income during this year's monsoon growing season.

This year, the township Department of Agriculture has been providing support and technical assistance to farmers cultivating various bean crops in order to improve yields, encourage the use of quality strains of crops, and provide necessary agricultural techniques. Staff members from the department has also shared knowledge on the preparation and use of natural pesticides and on timely harvesting practices to help prevent crop pests and diseases.

**SK**

# Keiko Fujimori sworn in as Peruvian President

LIMA July 29

Keiko Fujimori was sworn in as President of Peru for the 2026-2031 term at a ceremony held at the Legislative Palace in Lima on Tuesday, where she outlined a "clear path" for the Andean country's development.

After receiving the presidential sash, Fujimori delivered her first speech as president, pledging to work toward measurable goals and maintain constant accountability.

She plans to launch a national contingency plan to "break with the logic of delayed response" and usher in an era of timely prevention.

With that in mind, she said, her government will aim to "reclaim" every neighborhood, highway and public space for Peruvian families, using all the tools the Constitution makes available to combat organized crime, drug trafficking and illegal mining.

Fujimori said the second goal of her administration would be "improving the quality of life" of the people from pregnancy through old age by revamping social programs and public services.

The third goal will be to achieve fiscal sustainability by reorganizing public accounts, eliminating unnecessary spending, and responsibly managing state resources to build economic confidence, said Fujimori.

The new President took the opportunity to reaffirm that, under her administration, Peru's foreign policy will be strengthened, prioritizing regional integration by promoting agreements with the Pacific Alliance and the Andean Community.

**Xinhua**

# Trump says U.S. will retaliate against Iran for missile attack

WASHINGTON July 29

The U.S. military will strike Iran hard in retaliation for ballistic missile attacks on U.S. forces in the Middle East a day earlier, U.S. President Donald Trump said Wednesday.

"We'll be hitting them hard," Trump said in an interview with Fox News. "They're going to get a beating."

Trump said, however, that the White House would allow Iranian officials to continue negotiations.

The president also said he was considering additional warnings to Iranian-backed groups in the region.

U.S. and Saudi fighter jets struck several logistics and weapons sites in eastern Iraq in response to more than 30 drone attacks directed by Iran's Islamic Revolution Guard Corps over the previous 72 hours, U.S. Central Command said on X Tuesday night.

The Iraqi presidency on Wednesday strongly condemned the U.S.-Saudi strikes targeting its paramilitary Popular Mobilization Forces, calling them an "unacceptable aggression" and a "flagrant violation of Iraq's sovereignty."

**Xinhua**

# Southwestern France reports 14 wildfire flare-ups amid elevated heatwave risk



PARIS July 29

Fourteen new fire flare-ups were recorded Tuesday in France's southwestern Gironde department, local authorities said, as the country braced for another heatwave and heightened wildfire risks across much of its territory.

Speaking at a press conference, Gironde Prefect Sophie Borcas said the flare-ups had occurred across the department. She added that although the main wildfire had stabilized, it had not yet been fully contained.

The renewed fire activity came as national weather service Meteo-France warned that hot and dry conditions were increasing wildfire risks. A total of 65 departments are expected to face a high risk of fires on Wednesday, forecast to be the hottest and driest day of the week.

The emergency has prompted large-scale evacuations in southwestern France. More than 250,000 people have been evacuated this summer, including 220,000 in Gironde.

**Xinhua**

# Russian-Chinese scientists find way to treat 'incurable' type of cancer

MOSCOW July 29

Researchers have proposed a new combination therapy for lung adenocarcinoma, a type of lung cancer that is virtually untreatable with standard methods, Alena Gantsova, a scientist at the Laboratory of Experimental Morphology at the Research Institute of Molecular and Cellular Medicine, RUDN, told Sputnik.

Lung adenocarcinoma is the most common type of lung cancer. In some patients, genetic mutations make standard treatments such as surgery and chemotherapy ineffective, creating an urgent need for alternative approaches.

A key contribution came from Professor Xuhui Bao M.D., Ph.D. from Fudan University in China, who suggested that PCSK9 inhibitors could enhance the effect of radiation on lung cancer cells.

The research was supported by the Russian Science Foundation. The team is now testing the approach in animal models and plans to study how radiation triggers immune responses in living organisms.

**Sputnik**

# West uses Ukraine as battering ram to try to destroy Russia - Russia's Medvedev

SOLNECHNOGORSK July 29

The West uses Ukraine as a battering ram to try to destroy Russia and is not even hiding this fact, Russian Deputy Security Council Chairman Dmitry Medvedev said on Wednesday.

"[Western countries are] using all means, and now they are using Ukraine as a battering ram to destroy Russia, and they are not hiding it," Medvedev said at the Territory of Meanings Forum.

Russia can only be saved by a victory in the special military operation, the official said.

"There was a period when they apparently believed that they would be able to come to a conditional agreement with us, but in fact they simply bend us to their will. Well, I mean, first of all, Western countries. But they failed. And they are experiencing the most severe disappointment," Medvedev said.

Around 30,000 sanctions have been imposed against Russia, with pressure coming from "all angles," Medvedev said.

"The number of sanctions imposed against the Russian Federation is prohibitive. There is no country in the world, nor has there ever been a country in history, that has imposed such a number of sanctions. Around 30,000," Medvedev said at the Territory of Meanings forum.

**Sputnik**

# Laos issues flash flood, landslide risk warning

VIENTIANE July 29

The Department of Meteorology and Hydrology under the Lao Ministry of Agriculture and Environment on Wednesday issued a warning of flash floods and landslides as light to moderate thunderstorms are expected to continue across the country, with heavy rainfall forecast in some areas.

The Lao weather bureau has warned that 13 provinces across the country are at risk of flash floods and landslides. The provinces at highest risk are Oudomxay, Bolikhamxay, Khammuan, Savannakhet, Champasak and Attapeu.

Authorities are urging residents nationwide, particularly those living in flood and landslide-prone areas, to remain vigilant and take precautions against heavy rainfall. The public is also advised to continue monitoring official weather forecasts and water level updates from the Department of Meteorology and Hydrology.

**Xinhua**

# 5.8-magnitude earthquake hits southwest Japan

TOKYO July 29

An earthquake with a preliminary magnitude of 5.8 rocked Japan's southwestern prefecture of Kumamoto on Wednesday evening, the Japan Meteorological Agency said.

The same region experienced a powerful magnitude-7.1 quake the previous day, which left 13 dead and 6 in cardiac arrest, according to the prefectural government.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 56 Verb + -ing or to … 1 (remember, regret etc.)

**A** Some verbs are followed by **-ing** and some are followed by **to … :**

Verbs that you can use with **-ing** (*not* **to** …):

| | | |
|---|---|---|
| admit | fancy | postpone |
| avoid | finish | risk |
| consider | imagine | stop |
| deny | keep (on) | suggest |
| enjoy | mind | |

For examples, see Unit 53.

Verbs that you can use with **to** … :

| | | |
|---|---|---|
| afford | fail | offer |
| agree | forget | plan |
| arrange | hope | promise |
| decide | learn | refuse |
| deserve | manage | tend |

For examples, see Unit 54.

**B** Some verbs can be followed by **-ing** or **to …** with a difference of meaning:

**remember**

I **remember doing** something = I did it and now I remember this.
You **remember doing** something *after* you have done it.

- I know I locked the door. I clearly **remember locking** it. (= I locked it, and now I remember this)
- He could **remember driving** along the road just before the accident, but he couldn't remember the accident itself.

I **remembered to do** something = I remembered that I had to do it, so I did it.
You **remember to do** something *before* you do it.

- I **remembered to lock** the door, but I forgot to shut the windows. (= I remembered that I had to lock it, and so I locked it)
- **Remember to buy** some bananas. (= Don't forget to buy them)

**regret**

I **regret doing** something = I did it and now I am sorry about it:

- I now **regret saying** what I said. I shouldn't have said it.
- Do you **regret not** going to college?

I **regret to say** / **to tell** you / **to inform** you = I am sorry that I have to say:

- *(from a formal letter)* I **regret to say** that we are unable to accept your offer.

**go on**

**go on doing** something = continue doing the same thing:

- The president paused for a moment and then **went on talking**.
- We need to change. We can't **go on living** like this.

**go on to do** something = do or say something new:

- After discussing the economy, the president **went on to talk** about foreign policy.

**C** We use the following verbs with **-ing** or **to …** with no difference of meaning:

**begin** **start** **continue** **intend** **bother**

So you can say:


- It **started raining.** or It **started to rain.**
- Andy **intends buying** a house. or Andy **intends to buy** …
- Don't **bother locking** the door. or Don't **bother to lock** …

Normally we do not use **-ing** after **-ing:**

- It's **starting to rain.** (not usually It's starting raining)

Verb + - ing → Unit 53 Verb + to … → Units 54–55 Other verbs + -ing or to → Units 57–58

Raymond Murphy




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး-တမူးဆက်သွယ်ထားသော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှု နေရာပြမြေပုံ။

❒ **ကျောဖုံးမှအဆက်**

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါ ကလေး-တမူး လမ်းကြောင်း တစ်လျှောက်အား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် တပ်မတော် စစ်ကြောင်းများသည် စနစ်တကျစုဖွဲ့ ပြင်ဆင်ပြီး စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့မအားညမအား သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာနှင့် အဆိုပါဒေသတစ်ဝိုက်အထိအားလည်းကောင်း၊ ကလေးမြို့ဘက်မှချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ကလေး-တမူး လမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများအား တစ်ခုပြီးတစ်ခုအဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇူလိုင်လ ၂၆ ရက်တွင် ထင်းဇင်ရွာသစ်နှင့် ထင်းဇင်ရွာဟောင်းတို့အား သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းများသည် ကလေး-တမူးလမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးနှင့်ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေးတို့အတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆက်လက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယမန်နေ့ ညနေပိုင်းတွင် ထင်းဇင်ရွာ၏ မြောက်ဘက် မီတာ ၆၂၀၀ ခန့်အကွာရှိ ဘုတ်ကန်စံပြကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ကျေးရွာအတွင်း ယာယီအခြေပြု နေထိုင်ခဲ့ စဉ်ကာလအတွင်း ဒေသခံပြည်သူများ၏ နေအိမ်များအတွင်းမှ စားရေရိက္ခာနှင့်အသုံးအဆောင်ပစ္စည်းများ၊ စည်းစိမ်ဥစ္စာများနှင့် တန်ဖိုးကြီးပစ္စည်းများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျပြီး အတင်းအဓမ္မယူဆောင်အသုံးပြုခြင်း၊ နေအိမ်အဆောက်အအုံများအတွင်း ပစ်ကျင်းများ၊ ဘန်ကာများပြုလုပ်၍ ခံစစ်စခန်းများ ပြုလုပ်ထားခြင်း၊ တိုက်နယ်ဆေးရုံ၊ စာသင်ကျောင်းနှင့် ဌာနဆိုင်ရာအဆောက်အအုံများအား ဖျက်ဆီးခြင်း၊ ၎င်းတို့ကို မထောက်ခံသည့် ဒေသခံများကို အကြောင်းမဲ့ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းတို့ကို ရက်စက်ယုတ်မာစွာ ကျူးလွန်လုပ်ဆောင်ခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး-တမူးလမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်မြေလုံခြုံရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူများ၏ နေအိမ်၊ အဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့်လမ်းတံတားများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး စသည့်လူမှုစီးပွားဘဝများ အမြန်ဆုံးပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဒေသခံများ မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)




အကြမ်းဖက်သောင်းကျန်းသူများက ကလေး-တမူးဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ဘုတ်ကန်စံပြကျေးရွာရှိ နေအိမ်များအတွင်း ခံစစ်စခန်းပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ဘုတ်ကန်စံပြကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ဘုတ်ကန်စံပြကျေးရွာဈေးအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ဘုတ်ကန်စံပြကျေးရွာ၊ ဘုတ်ကန် အမျိုးသမီးရေးရာအဖွဲ့ခွဲရုံးအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။




တပ်မတော်စစ်ကြောင်းများက ဘုတ်ကန်စံပြကျေးရွာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဇပဟိုကျောင်းအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။




အကြမ်းဖက်သောင်းကျန်းသူများက ကလေး-တမူးဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ဘုတ်ကန်စံပြကျေးရွာရှိ နေအိမ်များအတွင်း ခံစစ်စခန်းပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။

# ကုန်ခန်းလာနေတဲ့ အမေရိကန်ရဲ့လက်နက်တိုက်ထဲက ခဲယမ်းမီးကျောက်များ

ဒီလအစောပိုင်းတုန်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ပင်ဆယ်ဗေးနီးယား ကာကွယ်ရေးနဲ့နည်းပညာဆိုင်ရာ ထိပ်သီးအစည်းအဝေးမှာ အမေရိကန်ရဲ့ အကြီးဆုံး ကာကွယ်ရေးကုမ္ပဏီကြီးများမှ CEO တွေနဲ့အတူ စင်ပေါ်တက်လာပါတယ်။ အဲဒီတုန်းက သူပေးချင်တဲ့သတင်းစကားကတော့တစ်ခုတည်းပါ။ အဲဒါကတော့ “လက်နက်တွေကို ပိုထုတ်ကြ၊ ပိုပြီးလည်း မြန်မြန်ထုတ်ကြ” ဆိုတာပါပဲ။ “ကျုပ်တို့ဆီမှာ ကမ္ဘာ့အကောင်းဆုံးအရည်အသွေးတွေရှိတယ်” လို့ US Army War College မှာစုဝေးနေကြတဲ့ လက်နက်ထုတ်လုပ်သူတွေကို ထရမ့်ကပြောပါတယ်။ သူ့ဘေးမှာတော့ စစ်ရေးဝန်ကြီး ပိဟက်ဆက်လည်း ရှိနေပါတယ်။ “ဒါပေမဲ့ ကျုပ်တို့ပိုပြီး မြန်မြန်ထုတ်လုပ်ဖို့တော့ လိုသေးတယ်” လို့ ထရမ့်ကဆိုပါတယ်။

ထရမ့်အစိုးရအဖွဲ့ကတော့ ဒီထိပ်သီးအစည်းအဝေးဟာ အမေရိကန်ရဲ့ စက်မှုကဏ္ဍကို ပြန်လည်ဆန်းသစ်စေဖို့နဲ့ တပ်မတော်ရဲ့တိုက်ခိုက်ရေးစွမ်းရည်ကို ပိုမိုအားကောင်းစေဖို့လုပ်ဆောင်တဲ့နည်းလမ်းနှစ်သွယ်ထဲကတစ်ခုအဖြစ် ပုံဖော်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ထုတ်မပြောဘဲချန်လှပ်ထားခဲ့တဲ့အချက်တစ်ခုက ဒီနှစ်အစောပိုင်းက Operation Epic Fury စစ်ဆင်ရေးအတွင်း အီရန်မှာရက်ပေါင်း ၄၀ နီးပါးကြာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့စဉ်ကနဲ့ နောက်ပိုင်းအပြန်အလှန်တိုက်ခိုက်မှုတွေမှာသုံးစွဲခဲ့ရတဲ့ အဆင့်မြင့်ပြီး ထုတ်လုပ်ရခက်ခဲတဲ့ လက်နက်ပမာဏအမြောက်အမြားကုန်ဆုံးသွားတဲ့အကြောင်းပါပဲ။

အမေရိကန်အစိုးရရဲ့ထုတ်ပြန်ချက်အရဆိုရင် အခုအချိန်ထိ ဒီစစ်ပွဲအတွက် ဒေါ်လာ ၃၇ ဒသမ ၅ ဘီလီယံ ကုန်ကျပြီး အများစုကို ခဲယမ်းမီးကျောက်အတွက် သုံးစွဲခဲ့တာဖြစ်တယ်လို့သိရပါတယ်။ အိမ်ဖြူတော်ရဲ့ထုတ်ပြန်ချက်အရဆိုရင်လည်း ဧပြီလ ၈ ရက်မှာ ယာယီအပစ်အခတ်ရပ်စဲရေးမစတင်မီအထိ အမေရိကန်တပ်တွေဟာ အီရန်နိုင်ငံတစ်ဝန်းက ပစ်မှတ် ၁၃၀၀၀ ကျော်ကို တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီကာလအတွင်းမှာပဲ အမေရိကန်ရဲ့ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့တွေဟာ အီရန်ရဲ့ဒရုန်းနဲ့အမြင့်ပျံဒုံးကျည်စုစုပေါင်း ၁၇၀၀ ကျော်ကို ကြားဖြတ်ပစ်ခတ်ခဲ့ပါတယ်။

အခုအခါမှာတော့ ဆွေးနွေးပွဲတွေကို ဆက်လုပ်နိုင်ဖို့အတွက် အမေရိကန်က အီရန်အပေါ် တိုက်ခိုက်နေတာတွေကို ခေတ္တရပ်ဆိုင်းထားတယ်လို့ဆိုပါတယ်။ New York Times ရဲ့ အစီရင်ခံစာတစ်ခုမှာတော့ ပဋိပက္ခကိုပိုမိုကြီးထွားလာအောင် လုပ်မယ့်အစီအစဉ်တွေက အမေရိကန်ရဲ့ လက်နက်တိုက်ထဲက လက်နက်ခဲယမ်းအရေအတွက်ကို ပိုမိုပြုန်းတီးစေမှာမို့လို့ အဲဒီအစီအစဉ်တွေကို ခေတ္တဆိုင်းငံ့ထားဖို့ အကြံပေးအဖွဲ့တွေက ထရမ့်ကို အကြံပြုကြတယ်လို့ ဖော်ပြထားပါတယ်။ တစ်ချိန်တည်းမှာပဲ ထရမ့်က အမေရိကန်ရဲ့ လက်နက်တွေနည်းပါးသွားခြင်းမရှိဘူးလို့ငြင်းဆိုခဲ့ပြီး “ကျုပ်တို့မှာ ကမ္ဘာပေါ်က ဘယ်နိုင်ငံထက်မဆိုပိုများတဲ့၊ ကျုပ်တို့လိုအပ်တာထက်တောင်ပိုများတဲ့ ခဲယမ်းမီးကျောက်တွေရှိတယ်” လို့ Wall Street Journal ကိုပြောခဲ့ပါတယ်။

ဒါပေမဲ့ တစ်ဖက်မှာကျတော့လက်နက်ခဲယမ်းတွေပြန်ဖြည့်ဖို့ ထပ်ဆောင်းအသုံးစရိတ်လိုကြောင်း စစ်ရေးဝန်ကြီး ပိဟက်ဆက်ကတောင်းဆိုခဲ့ပါတယ်။ ဒီအခြေအနေက အမေရိကန်အစိုးရအဖွဲ့ထဲမှာ ခေါင်းခဲစရာကိစ္စတစ်ခုဖြစ်နေတာကြာပါပြီ။ ပြီးခဲ့တဲ့လက ဒီကိစ္စနဲ့ပတ်သက်လို့ လွှတ်တော်မှာထွက်ဆိုစဉ်တုန်းက ပိဟက်ဆက်တစ်ယောက် သူတို့မှာလက်နက်လက်ကျန်တွေ လျော့နည်းသွားတာမရှိဘူးလို့ ငြင်းဆိုခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီနောက်ပိုင်းမှာတော့ သူ့ရပ်တည်ချက်ပြောင်းသွားပုံရပါတယ်။ ပြီးခဲ့တဲ့အပတ်က လွှတ်တော်ဘတ်ဂျက်ကော်မတီမှာ သူက ပင်တဂွန်အနေနဲ့ ကိရိယာတန်ဆာပလာတွေအပါအဝင် ဆိုးရွားတဲ့ပြတ်လပ်မှုတွေကိုဖြေရှင်းဖို့ နောက်ထပ် ဒေါ်လာ ၈၇ ဘီလီယံလိုအပ်တယ်လို့ ပြောခဲ့ပါတယ်။

စစ်ဆင်ရေးမှာအသုံးပြုခဲ့တဲ့ ခဲယမ်းမီးကျောက်ပမာဏနဲ့ လက်ကျန်ပမာဏ အတိအကျကိုတော့ လျှို့ဝှက်ထားဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ဝါရှင်တန်ဒီစီအခြေစိုက် CSIS က စုဆောင်းထားတဲ့အချက်အလက်တွေကတော့ ခဲယမ်းပမာဏတော်တော်ပြုန်းတီးသွားတာကိုပြသနေပြီး ရေတိုမှာပြန်လည်ဖြည့်တင်းဖို့ ခက်ခဲနိုင်ကြောင်း အထင်အရှားညွှန်းဆိုနေပါတယ်။ “ဒါက ခဲယမ်းအမျိုးအစားပေါ် မူတည်ပါတယ်။ ဒါပေမဲ့ ဒုံးကျည်တစ်စင်းကို ပြန်ထုတ်ဖို့ အနည်းဆုံး တစ်နှစ်ကနေငါးနှစ်အထိ ကြာနိုင်တာကတော့ အဓိကအချက်ပါပဲ” လို့ ဒီကိစ္စကို သုတေသနလုပ်နေတဲ့ CSIS မှ အကြီးတန်းအကြံပေး မာ့ကန်စီယန်က ပြောပါတယ်။ “ဒါကို မြန်လာအောင် လုပ်လို့ရတဲ့ နည်းလမ်းမရှိပါဘူး” လို့ ဆိုထားပါသေးတယ်။

ဒါ့ဆို အမေရိကန်ဟာ စစ်ရေးတာဝန်တွေနဲ့ စစ်ရေးရည်မှန်းချက်တွေမဆောင်ရွက်နိုင်တော့တဲ့အထိ ခဲယမ်းမီးကျောက်တွေကို အရှိန်အဟုန်နဲ့သုံးစွဲပစ်နေတာတကယ်ပဲလား။ စစ်ပွဲမှာသုံးခဲ့တဲ့ အဓိကလက်နက်တွေကို အုပ်စုနှစ်ခုခွဲခြားနိုင်ပါတယ်။ တစ်ခုက တာဝေးပစ် မြေပြင်တိုက်ခိုက်ရေးစနစ်တွေနဲ့ အီရန်ဘက်က ပစ်လိုက်တဲ့ တိုက်ခိုက်မှုတွေကို ကြားဖြတ်ဖျက်ဆီးဖို့သုံးတဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်တွေဖြစ်ပါတယ်။

အများဆုံးသုံးရတဲ့ မြေပြင်တိုက်ခိုက်ရေးစနစ်တွေထဲမှာ Tomahawk မြေပြင်တိုက်ခိုက်ရေးဒုံးကျည် (TLAM) လည်းပါဝင်ပါတယ်။ အဲဒါတွေကို အများအားဖြင့် စစ်သင်္ဘောတွေ ဒါမှမဟုတ် ရေငုပ်သင်္ဘောတွေကနေ မိုင် ၁၀၀၀ မကဝေးတဲ့ ပစ်မှတ်တွေဆီကို ပစ်ခတ်တာဖြစ်ပါတယ်။ အဲဒီလက်နက်တွေကြောင့် အမေရိကန်ဟာ စစ်သည်တွေလိုက်ပါတဲ့ လေယာဉ်တွေကို အန္တရာယ်မဖြစ်စေဘဲ ရန်သူ့စစ်ရေးကွပ်ကဲမှုဌာနကာတွေ ဒါမှမဟုတ် အခိုင်အမာဆောက်ထားတဲ့ စစ်ဘက်ဆိုင်ရာနေရာတွေကို အတိအကျတိုက်ခိုက်နိုင်ခဲ့တာပါ။

CSIS ရဲ့ ခန့်မှန်းချက်အရပြောရရင် စစ်ပွဲအတွင်း Tomahawk ဒုံးကျည်အစင်း ၁၀၀၀ ကျော် ပစ်ခတ်ခဲ့ရပြီး လက်ကျန်ကို ပြန်လည်ဖြည့်တင်းဖို့ကတော်တော်လေး ကြာမြင့်မှာပါ။ အီရန်နဲ့စစ်မဖြစ်မီပမာဏအထိပြန်ရောက်နိုင်ဖို့ဆိုတာ ၂၀၃၁ ခုနှစ်ရောက်တဲ့အထိကို မသေချာတော့ပါဘူး။ CSIS ရဲ့ အဆိုအရနောက်ဆုံးထွက် TLAM ဒုံးကျည်တစ်စင်းဟာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်းခန့် ကုန်ကျတယ်လို့သိရပါတယ်။

စစ်ပွဲမှာသုံးခဲ့တဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်တွေထဲမှာ အသုံးအများဆုံးကတော့ Patriot ဖြစ်ပါတယ်။ အဲဒါက လေယာဉ်တွေ၊ အမြင့်ပျံဒုံးကျည်တွေနဲ့ အနိမ့်ပျံဒုံးကျည်တွေကို ပစ်ခတ်ဖို့သုံးတဲ့ မြေပြင်အခြေစိုက်ဒုံးကျည်စနစ်ပါ။ CSIS ရဲ့ ခန့်မှန်းချက်အရ စစ်မဖြစ်မီက Patriot ဒုံးကျည်အစင်းရေစုစုပေါင်း ၂၃၃၀ ခန့်ရှိတယ်လို့သိရပါတယ်။ အဲဒီထဲကမှ အစင်းရေစုစုပေါင်း ၁၄၃၀ အထိကို စစ်ပွဲအတွင်း သုံးခဲ့ရပါတယ်။ Patriot ဒုံးကျည်တစ်စင်းစီဟာ ဒေါ်လာ ၄ သန်းခန့် ကုန်ကျပါတယ်။ ဒီလောက်အထိကုန်ကျစရိတ် ကြီးမားပေမယ့်လည်း ဒေါ်လာ ၂၀၀၀၀ နဲ့ ၅၀၀၀၀ ကြားသာတန်ကြေးရှိတဲ့ အီရန်ရဲ့ဒရုန်းတွေကို ပစ်ချဖို့ ထိရောက်တဲ့နည်းလမ်းအဖြစ် အကြိမ်ကြိမ်အသုံးပြုခဲ့ရတာပါ။

ဒီလက်နက်တွေကို ပြန်ဖြည့်ဖို့ ခက်ခဲပါလိမ့်မယ်။ “ဒုံးကျည်တစ်စင်း ထုတ်ဖို့ နှစ်ပေါင်းများစွာ ကြာပါတယ်။ ဒီနေ့မှာ စနစ်ထဲကို ငွေထည့်လိုက်ရင်တောင်မှ နောက်ထပ် သုံးနှစ်၊ လေးနှစ် ဒါမှမဟုတ် ငါးနှစ်အထိ ဒုံးကျည်ရမှာမဟုတ်ပါဘူး၊ အခု ကျုပ်တို့ ရနေတာတွေက ၂၀၂၃ ခုနှစ်က ဘတ်ဂျက်လျာထားမှုနဲ့ထုတ်လုပ်ခဲ့တဲ့ ဒုံးကျည်တွေ ဖြစ်ပါတယ်။” လို့ ကန်စီယန်ကပြောပါတယ်။

ဒါ့အပြင် THAAD လို့ လူသိများတဲ့ ပိုမိုသစ်လွင်အဆင့်မြင့်တဲ့စနစ်ကိုလည်း စစ်ပွဲမှာအသုံးပြုခဲ့ရပါသေးတယ်။ အဲဒါက Patriot ထက် ပစ်ခတ်နိုင်မှု အကွာအဝေးပိုများပြားပြီး ပိုမိုမြင့်မားတဲ့ အမြင့်မှာကြားဖြတ်ပစ်ခတ်မှုတွေကိုလုပ်ဆောင်နိုင်ပါတယ်။ ဒီစနစ်အတွက် ဒုံးကျည်လက်ကျန်ပမာဏက နဂိုကတည်းက နည်းပါးနေတာဖြစ်ပြီး CSIS ရဲ့ ခန့်မှန်းချက်အရ စစ်မဖြစ်မီ ဒုံးကျည်အစင်းရေ ၃၆၀ အနက်စစ်ဖြစ်ချိန်မှာ ဒုံးကျည်အစင်းရေ ၁၉၀ နဲ့ ၂၉၀ ကြား သုံးစွဲခဲ့ရတယ်လို့သိရပါတယ်။ ကမ္ဘာပေါ်မှာ THAAD တပ်ခွဲ ၉ ခွဲပဲ အသုံးပြုနိုင်သေးရာမှာ ၇ ခွဲက အမေရိကန်ပိုင်ဖြစ်တာကြောင့် ဆက်လက်သုံးစွဲနေရင် ရုရှား၊ တရုတ် ဒါမှမဟုတ် မြောက်ကိုရီးယားတို့လို နိုင်ငံတွေရဲ့အမြင့်ပျံဒုံးကျည် ခြိမ်းခြောက်မှုကိုကာကွယ်ဖို့ အရေးကြီးတဲ့ ဒုံးကျည်တွေဟာ အမေရိကန်တပ်တွေမှာ မရှိတော့ဘဲ ဖြစ်သွားနိုင်ပါတယ်။ ။

**Ref: AGC**

**ထက်မြတ်**



# လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၆ ဘီလီယံထုတ်ပေးမယ့် ကွန်ဗာတာ



တရုတ်နိုင်ငံက တစ်နှစ်ကို သန့်ရှင်းတဲ့ လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီ ၆ ဘီလီယံထုတ်ပေးမယ့်ကမ်းလွန်ကွန်ဗာတာကို မကြာသေးခင်က ကွမ်တုံပြည်နယ် ကမ်းလွန်မှာ တပ်ဆင်လိုက်ပါတယ်။ ဒီလိုတပ်ဆင်မှုဟာ ကမ်းလွန်ကွန်ဗာတာတွေထဲမှာ ကမ္ဘာ့အကြီးဆုံးဖြစ်ပါတယ်။


အဲဒီကွန်ဗာတာက ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံတွေကနေ ရရှိတဲ့ လျှပ်စစ်ဓာတ်အားတွေကို ရယူစုဆောင်းပြီး မဟာဓာတ်အားလိုင်းထဲကို လျှပ်စစ်ဓာတ်အားတွေ ပြန်လည်ပို့လွှတ်ပေးမှာပါ။ အခုဆိုရင် အဲဒီကမ်းလွန်ကွန်ဗာတာကြီး တပ်ဆင်တည်ဆောက်မှုက နောက်ဆုံးအဆင့်ကိုရောက်ရှိနေပြီဖြစ်ပြီး ရေအောက်ကေဘယ်ကြိုးတွေတပ်ဆင်နေပြီပဲဖြစ်ပါတယ်။

ဒီကွန်ဗာတာကြီး အပြီးအစီးတပ်ဆင်ပြီးသွားလို့ လျှပ်စစ်ဓာတ်အားတွေထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ပြီဆိုရင် တစ်နှစ်ကို ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏ မက်ထရစ်တန် ၅ သန်းနီးပါးအထိ နှစ်စဉ်လျော့နည်းသွားစေမှာဖြစ်တယ်လို့ဆိုပါတယ်။ ဒီကွန်ဗာတာရဲ့ အလေးချိန်က အလွန်ကြီးမားတာကြောင့် သူ့ကိုတပ်ဆင်ရာမှာတော့ အင်ဂျင်နီယာများက သမားရိုးကျမဟုတ်တဲ့ သီးခြားတပ်ဆင်မှုနည်းလမ်းကိုရွေးချယ်အသုံးပြုခဲ့ရတယ်လို့သိရပါတယ်။

**Ref: IE**

**ကိုထက်**

# ခေတ္တငြိမ်သက်နေခဲ့တဲ့ အမေရိကန်နဲ့ အီရန်ပဋိပက္ခ ပြန်လည်အရှိန်မြင့်တက်လာ




**တီဟီရန်၊ စစ်ရေး**

ခေတ္တငြိမ်သက်နေခဲ့တဲ့ အမေရိကန်နဲ့ အီရန်ကြား စစ်ရေးတင်းမာမှုတွေပြန်လည် အရှိန်မြင့်တက်လာပြီး အပြန်အလှန်တိုက်ခိုက်မှုတွေ စတင်ဖြစ်ပွားနေပါတယ်။ အီရန် အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ဂျော်ဒန်နိုင်ငံရှိ အမေရိကန်စစ်စခန်းတွေကိုပစ်မှတ်ထားပြီး ဒုံးကျည်တွေနဲ့ စတင်တိုက်ခိုက်ကြောင်း အတည်ပြုလိုက်ပါတယ်။ ဂျော်ဒန်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့တွေက အီရန်ဘက်က ပစ်လွှတ်လိုက်တဲ့ ဒုံးကျည် ငါးစင်းကို ပစ်ချနိုင်ခဲ့တယ်လို့ဆိုပါတယ်။

တိုက်ခိုက်မှုဖြစ်ပြီး နာရီပိုင်းအကြာမှာပဲ အမေရိကန်နဲ့ ဆော်ဒီအာရေဗျတို့ပူးပေါင်းပြီး အီရတ်အရှေ့ပိုင်းရှိအီရန်ကျောထောက်နောက်ခံပြုလက်နက်ကိုင်အဖွဲ့တွေရဲ့စခန်းတွေကို လေကြောင်းမှတုံ့ပြန်တိုက်ခိုက်ရာ ပြည်သူ့စစ်အဖွဲ့ဝင် ၁၀ ဦးထက်မနည်း သေဆုံးခဲ့တယ်လို့သိရပါတယ်။ ဒါ့အပြင် ဟော်မုရေလက်ကြားကို ပူးတွဲထိန်းချုပ်ရေးနဲ့ပတ်သက်ပြီး အိုမန်နိုင်ငံနဲ့အီရန်တို့ကြားဆွေးနွေးမှုမှာ သဘောထားကွဲလွဲနေတာကြောင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုတွေ ပိုမိုမြင့်တက်လျက်ရှိပါတယ်။

**Ref: Xinhua**

# စာမေးပွဲမေးခွန်းပေါက်ကြားမှုအတွက် ပြစ်ဒဏ်တိုးမြှင့်သည့် ဥပဒေကြမ်း အိန္ဒိယအောက်လွှတ်တော် အတည်ပြု

**နယူးဒေလီ၊ ပြည်တွင်းရေး**

အိန္ဒိယနိုင်ငံမှာ စာမေးပွဲမေးခွန်းလွှာပေါက်ကြားမှုတွေကို နှိမ်နင်းဖို့နဲ့ ပြစ်ဒဏ်တွေကိုတိုးမြှင့်နိုင်ဖို့ပြင်ဆင်ရေးဆွဲထားတဲ့ ဥပဒေကြမ်းတစ်ခုကို အောက်လွှတ်တော်က ဇူလိုင်လ ၂၉ ရက်မှာ အတည်ပြုလိုက်ပြီဖြစ်ပါတယ်။

အခုအတည်ပြုလိုက်တဲ့ဥပဒေကြမ်းအရ မေးခွန်းပေါက်ကြားမှုမှာ ပါဝင်ပတ်သက်သူတွေကို မူလက ထောင်ဒဏ် ငါးနှစ်အထိ သတ်မှတ်ထားရာမှထောင်ဒဏ်၁၀ နှစ်အထိ တိုးမြှင့်လိုက်ပါတယ်။ ဒါ့အပြင်ဒဏ်ငွေကိုလည်း အမေရိကန်ဒေါ်လာ တစ်သန်းကျော် (အိန္ဒိယရူပီး ၁၀ ကုဋေအထိ)သတ်မှတ်ပြီး ပြစ်ဒဏ်ချမှတ်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် မေးခွန်းလွှာပေါက်ကြားမှုနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုတွေကို နှစ်လအတွင်း အပြီးဆောင်ရွက်ရမှာဖြစ်သလို တရားစီရင်မှုတွေကို အမြန်ဆုံးအပြီးသတ်နိုင်ဖို့ အထူးတရားရုံးတွေကိုပါ ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။

လတ်တလောမှာ ဆေးတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မေးခွန်းပေါက်ကြားမှုကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကျောင်းသားတွေကဆန္ဒပြပြီး ပညာရေးဝန်ကြီးနုတ်ထွက်ခဲ့ရတဲ့အထိ အခြေအနေတွေတင်းမာလာခဲ့တာကြောင့် အစိုးရဘက်က စာမေးပွဲစနစ်အပေါ် ပြည်သူတွေရဲ့ယုံကြည်မှုပြန်လည်ရရှိရေးအတွက် ဒီဥပဒေကြမ်းကို အရေးပေါ်ရေးဆွဲအတည်ပြုခဲ့ကြတာဖြစ်ပါတယ်။ အခုဆိုရင် အဲဒီဥပဒေကြမ်းကို အထက်လွှတ်တော်ဆီ ဆက်လက်တင်ပြသွားရမှာဖြစ်ပြီး ဝန်ကြီးချုပ်နာရန်ဒရာမိုဒီရဲ့ မဟာမိတ်အဖွဲ့တွေက အမတ်နေရာအများစုကိုရရှိထားတာကြောင့် ဥပဒေကြမ်းကို အလွယ်တကူအတည်ပြုနိုင်ခြေရှိပါတယ်။

**Ref: ST**

# ကူမာမိုတိုလျှင်လှုပ်မှု လူ ၁၃ ဦးသေဆုံး နောက်ဆက်တွဲငလျင် အကြိမ် ၁၀၀ ကျော် လှုပ်ခတ်

**တိုကျို၊ သဘာဝဘေး**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကူမာမိုတိုစီရင်စုမှာ ဇူလိုင်လ ၂၈ ရက်တုန်းက ပြင်းအားမြင့် ငလျင်လှုပ်ခတ်ခဲ့တာကြောင့် အနည်းဆုံး လူ ၁၃ ဦး သေဆုံးခဲ့တယ်လို့ ဂျပန်နိုင်ငံဝန်ကြီးချုပ်က အတည်ပြုထားပါတယ်။ ဒါ့အပြင် ငလျင်ကြီးလှုပ်ခတ်ပြီးနောက် ဖြစ်ပေါ်လေ့ရှိတဲ့ နောက်ဆက်တွဲငလျင်ပေါင်း ၁၀၀ ကျော် ဆက်တိုက်လှုပ်ခတ်နေတယ်လို့ တာဝန်ရှိသူတွေက ဇူလိုင်လ ၂၉ ရက်မှာထုတ်ပြန်ထားပါတယ်။

ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူးရှိတဲ့ ငလျင်ကြောင့် ကူမာမိုတိုရှိ စက္ကူစက်ရုံနဲ့ Aeon ကုန်တိုက်တို့ ပြိုကျပျက်စီးခဲ့ပြီး လူအများအပြားပိတ်မိနေဆဲဖြစ်တာကြောင့် ကယ်ဆယ်ရေးအဖွဲ့တွေက အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်အထိရှိတဲ့ ပြင်းထန်တဲ့ အပူရှိန်ကြားကနေ ပိတ်မိနေသူတွေကို အပြင်းအထန်ရှာဖွေရေးလုပ်ဆောင်နေကြပါတယ်။ ငလျင်လှုပ်ပြီးမကြာမီမှာပဲ အဲဒီကုန်တိုက်အတွင်း ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့တာကြောင့်လည်း ပျက်စီးဆုံးရှုံးမှု ပိုမိုကြီးမားခဲ့တာပါ။

ဂျပန်ဝန်ကြီးချုပ် ဆာနာအီတာကာအီချီကတော့ ပိတ်မိနေသူတွေကို ကယ်ထုတ်နိုင်ဖို့အတွက် အချိန်နဲ့အမျှ အပြင်းအထန်ကြိုးစားနေရတဲ့အခြေအနေဖြစ်တယ်လို့ သတိပေးစကားပြောထားပါတယ်။ ဂျပန်မိုးလေဝသအေဂျင်စီကလည်း လာမယ့်သုံးရက်အတွင်း ပြင်းအား ၇ မဂ္ဂနီကျူးအထိရှိတဲ့ နောက်ဆက်တွဲငလျင်ကြီးတွေ ထပ်မံလှုပ်ခတ်နိုင်ခြေရှိတာကြောင့် ပြည်သူတွေအနေနဲ့ အထူးသတိပြုဖို့ တိုက်တွန်းထားပါတယ်။ လက်ရှိအချိန်အထိ ဒေသများစွာမှာ လျှပ်စစ်မီးများပြတ်တောက်နေပြီး ထောင်ပေါင်းများစွာသော ဒေသခံတွေကို ကယ်ဆယ်ရေးစခန်းတွေဆီ ရွှေ့ပြောင်းပေးထားရပါတယ်။

**Ref: AGC**

# တရုတ်ရဲ့ဒရုန်းတင်စစ်သင်္ဘော စမ်းသပ်မှုနောက်ဆုံးအဆင့်ရောက်ရှိ

**ပေကျင်း၊ စစ်လက်နက်**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်ရဲ့အကြီးဆုံးနဲ့နည်းပညာအဆင့်အမြင့်မားဆုံး စစ်သင်္ဘောကြီးတစ်စင်းဖြစ်တဲ့ Type 076 စစ်ရေယာဉ်စီချွမ်ဟာ တိုက်ခိုက်ရေးဒရုန်းတွေ ပစ်လွှတ်နိုင်မယ့် လျှပ်စစ်သံလိုက်စွမ်းအင်အသုံးပြုပစ်လွှတ်စနစ်စမ်းသပ်မှုနောက်ဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။


ဒီစစ်သင်္ဘောကြီးဟာ တန်ချိန် ၄၀၀၀၀ ကျော်လေးလံပြီး ကမ္ဘာပေါ်မှာ ပထမဆုံး လျှပ်စစ်သံလိုက်စွမ်းအင်အသုံးပြုထားတဲ့ လွှတ်တင်စနစ်ပါ ကမ်းတက်တိုက်ခိုက်ရေးနဲ့ ဒရုန်းတင်စစ်သင်္ဘောဖြစ်ပါတယ်။ လျှပ်စစ်သံလိုက်စွမ်းအင်အသုံးပြုလွှတ်တင်စနစ်ကို အရင်က လေယာဉ်တင်သင်္ဘောကြီးတွေမှာပဲ သုံးလေ့ရှိတာပါ။

အခုတော့ ကမ်းတက်စစ်ရေယာဉ်လိုမျိုးသင်္ဘောမှာပါ ဒီနည်းပညာကိုအသုံးပြုလာတာကြောင့် အကွာအဝေး ဝေးဝေးပျံသန်းနိုင်တဲ့ GJ-11 လို ကိုယ်ပျောက်တိုက်ခိုက်ရေးဒရုန်းတွေကို လွယ်လွယ်ကူကူလွှတ်တင်ပြီး စစ်ဆင်ရေးကိုဆောင်ရွက်နိုင်စေမှာဖြစ်ပါတယ်။

အခုဆိုရင် အဲဒီစစ်သင်္ဘောကို ပင်လယ်ပြင် လက်တွေ့စမ်းသပ်မောင်းနှင်မှုတွေနဲ့အတူ လေယာဉ်ပြေးလမ်း၊ လေယာဉ်တားကြိုးစနစ်တွေကိုလည်း တပ်ဆင်ပြီးစီးနေပြီဖြစ်ပါတယ်။ ဒါကြောင့် မကြာခင်မှာ အဲဒီသင်္ဘောကို ရေတပ်ထံ တရားဝင်လွှဲပြောင်းပေးတော့မှာဖြစ်ပါတယ်။

ကျွမ်းကျင်သူတွေရဲ့ သုံးသပ်ချက်အရဆိုရင်တော့ ဒီစီချွမ်စစ်သင်္ဘောကြီးဟာ ထိုင်ဝမ်ရေလက်ကြားနဲ့ တောင်တရုတ်ပင်လယ်ပြင်က စစ်ရေးအခြေအနေတွေကို သိသိသာသာ ပြောင်းလဲသွားစေနိုင်ကာ တရုတ်ရေတပ်ရဲ့ စစ်ရေးအသာစီးရမှုကို အရှိန်မြှင့်ပေးလိုက်တာဖြစ်တယ်လို့ ဆိုပါတယ်။

**Ref: SCMP**



# အပူလှိုင်းဒဏ်ကြောင့် ပြင်သစ်နဲ့စပိန်မှာ တောမီးတွေပြန်လည်အရှိန်မြင့်

**မက်ဒရစ်၊ တောမီး**

ဥရောပမှာ ဒီနှစ်နွေရာသီရဲ့ စတုတ္ထမြောက် အပူလှိုင်းနဲ့အတူ အပူချိန်တွေက ၄၂ ဒီဂရီစင်တီဂရိတ်အထိ ပြန်လည်မြင့်တက်လာတာကြောင့်ပြင်သစ်နဲ့စပိန်နိုင်ငံတို့မှာ တောမီးတွေပြန်လည်အရှိန်မြင့်လာပြီး အဲဒီတောမီးတွေကို ထိန်းချုပ်နိုင်ဖို့ အပြင်းအထန် ရုန်းကန်နေကြရပါတယ်။

ပြင်သစ်နိုင်ငံ ဘိုဒိုးမြို့အနီးမှာ လောင်ကျွမ်းနေတဲ့ တောမီးကြောင့် အပန်းဖြေသူတွေနဲ့ဒေသခံ ၂၀၀၀ နီးပါးကို ဘေးလွတ်ရာထွက်ခွာခိုင်းထားရပြီး သစ်တောဧက ၄၂၀၀ ကျော် မီးလောင်ပြာကျခဲ့ပါတယ်။

တစ်ဖက်မှာလည်း စပိန်နိုင်ငံ ကက်စတယ်လွန်ဒေသမှာ တောမီးဟာ စတုတ္ထမြောက်ရက်အထိ ကူးစက်လောင်ကျွမ်းနေပြီး သစ်တောဧရိယာ ဟက်တာ ၁၀၀၀၀ ကျော်ပျက်စီးကာ ဒေသခံ ၁၀၀၀၀ နီးပါး နေရပ်စွန့်ခွာနေရဆဲဖြစ်ပါတယ်။

ရာသီဥတုပြောင်းလဲမှုကြောင့် ဥရောပတိုက်မှာ အပူလှိုင်းဖြတ်သန်းမှုနဲ့အတူ နွေရာသီကို အဆိုးရွားဆုံး ရင်ဆိုင်နေရပြီး လေတိုက်နှုန်းကြမ်းတာကြောင့် မီးညွန့်တွေကို ထိန်းချုပ်ရခက်ခဲကြောင်း မီးသတ်ဌာနတွေက ထုတ်ပြန်ထားပါတယ်။

**Ref: ST**



# ၂၀၁၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် စာပေပညာရှင် စာရေးဆရာကြီး စည်သူဒေါက်တာသော်ကောင်း ကွယ်လွန်

စာရေးဆရာကြီး စည်သူဒေါက်တာသော်ကောင်းကို အဘ အငြိမ်းစား ပညာမင်းကြီးနှင့် မြန်မာနိုင်ငံသမိုင်းကော်မရှင် ဥက္ကဋ္ဌ စည်သူဦးကောင်း အမိ ဒေါ်သိန်းတို့က ၁၉၃၇ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။

သတ္တမတန်းမှ နဝမတန်းအထိ ရန်ကုန်မြို့တွင် ပညာဆည်းပူးခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်သို့တက်ရောက်ခဲ့ပြီး B.A (ဂုဏ်ထူး)၊ အင်္ဂလိပ်စာ ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်တက္ကသိုလ်မှစာကြည့်တိုက်ဘွဲ့လွန်ဒီပလိုမာရရှိခဲ့သည်။

၁၉၇၆ ခုနှစ်တွင် AALIA (Associate of the Australian Library and Information Association) ဘွဲ့ကိုလည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ စာကြည့်တိုက်အသင်း၏ အမြင့်ဆုံးဘွဲ့ဖြစ်သည့် FLA (Fellow of the Library Association) (UK)ဘွဲ့ကို လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် Fukuoka Asian Cultural Prize(2005) ဆုကိုလည်းကောင်း ချီးမြှင့်ခံရသည်။

၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာန အချိန်ပိုင်းစာကြည့်တိုက်လက်ထောက်၊ ၁၉၅၉ ခုနှစ် ရန်ကုန်တက္ကသိုလ်၊ လူမှုရေးသိပ္ပံစာကြည့်တိုက် စာကြည့်တိုက်မှူးနှင့် ထိုနှစ်တွင်ပင် ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက် လက်ထောက်စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၉ ခုနှစ်မှ အငြိမ်းစားယူသည့် ၁၉၈၇ ခုနှစ်အထိ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၏ စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင်




ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်နှင့်သုတပညာဌာနကို စတင်တည်ထောင်ပြီး ပါမောက္ခ၊ ဌာနမှူးအဖြစ် ပူးတွဲတာဝန်ယူခဲ့သည်။ ၁၉၆၆ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ တက္ကသိုလ်ပညာပဒေသာစာစောင် စာတည်းအဖွဲ့ အတွင်းရေးမှူး၊ ၁၉၇၁ ခုနှစ်မှ ၁၉၇၆ ခုနှစ်ထိ မြန်မာစာကော်မရှင် အတွင်းရေးမှူးနှင့် မြန်မာ-အင်္ဂလိပ် အဘိဓာန်ထုတ်ဝေရေးအဖွဲ့ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သည်။

အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့သို့ မြန်မာစာပေ၊ စာကြည့်တိုက်လုပ်ငန်း၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ စာတမ်းများ သွားရောက်ဖတ်ကြားခဲ့သည်။ အိန္ဒိယနိုင်ငံ၊ နလန္ဒာတက္ကသိုလ် အကြံပေးကောင်စီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ပြည်တွင်းပြည်ပကွန်ဖရင့်များ၊ ဆွေးနွေးပွဲများတွင် စာတမ်း ၃၅ စောင် ဖတ်ကြားတင်သွင်းခဲ့ပြီး အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ဆောင်းပါးပေါင်း ၉၀ ကျော်၊ “ရည်ညွှန်းစာအုပ်ဟူသည်”၊ "Aspects of Myanmar History and Culture" စသည့် အပါအဝင် စာအုပ် ၁၀ အုပ်၊ ဘာသာပြန်များနှင့် အခြားအထွေထွေများအပါအဝင် စုစုပေါင်း ၂၀၀ ခန့် ရေးသားပြုစုခဲ့သည်။

၂၀၀၇ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု ချီးမြှင့်ခံရသည်။ ၂၀၀၈ ခုနှစ်တွင် မြန်မာစာပေ၊ စာကြည့်တိုက်ပညာနှင့် ပေပုရပိုက်အကြောင်းရေးသားထားသော "From the Librarian's Window" စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆု(ယဉ်ကျေးမှုဘာသာရပ်)(အင်္ဂလိပ်စာအုပ်ဆု)ရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုရှင်အဖြစ် ချီးမြှင့်ခံခဲ့ရသည်။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှစ၍ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆရာဝန်တင်ရွှေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ သုတစွယ်စုံစာပေဆု စသည့် စာပေဆိုင်ရာ ဆုရွေးချယ်ရေးအဖွဲ့များ၌လည်း ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် စည်သူဘွဲ့ ချီးမြှင့်ခံရသည်။

စာပေပညာရှင် စာရေးဆရာကြီး စည်သူဒေါက်တာသော်ကောင်းသည် အမှတ်(၅၂-ဘီ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်ရင်း ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၉ နှစ်ရှိပြီးဖြစ်သည်။ ဆရာကြီးကွယ်လွန်သွားခြင်းသည် မိသားစုဝင်များ၊ စာပေမိတ်ဆွေများနှင့် မြန်မာစာပေလောကအတွက် အစားထိုးမရနိုင်သည့် ဆုံးရှုံးမှုတစ်ခုဖြစ်သည်။ **မြဝတီ**

# ကလေးသူငယ်များကိုဆေးများတိုက်ကျွေးပြီး အသိစိတ်ကင်းမဲ့ချိန်တွင် လိင်တူဆက်ဆံခိုင်းကာ Telegram တွင် ငွေကြေးအကျိုးအမြတ်ရယူ၍ ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂၉

ကလေးသူငယ်များကို ဆေးများတိုက်ကျွေးပြီး အသိစိတ်ကင်းမဲ့ချိန်တွင် လိင်တူဆက်ဆံခိုင်းကာ Telegram တွင် ငွေကြေးအကျိုးအမြတ်ရယူ၍ ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ မောင်----၊ ၁၁ နှစ်သည် ကျောင်းဆင်းပြီး အိမ်ပြန်လာချိန် ကျောင်းအတူတက်ခဲ့ဖူးသည့် သူငယ်ချင်းဖြစ်သူကိုတွေ့ရှိပြီး သူငယ်ချင်းဖြစ်သူနှင့်အတူလာသည့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်နေ မျိုးမင်းထွန်း (ခ)ဖိုးသားက နေအိမ်သို့ အလည်လိုက်ခဲ့ရန် ခေါ်ဆောင်သဖြင့် ညီဖြစ်သူကို အတူခေါ်ပြီး လိုက်ပါသွားခဲ့ကြောင်း၊ မျိုးမင်းထွန်း(ခ)ဖိုးသား၏ နေအိမ်သို့ ရောက်သောအခါ အားဆေးသောက်ရမည်ဟုပြောကာ ၎င်းသောက်သုံးနေသည့် စိတ်ငြိမ်ဆေးလုံး ၁၀ လုံးစီနှင့် ဆန်ချိုအရက်အား အချိုရည်ဟုပြောဆိုပြီး လိမ်လည်တိုက်ကျွေးခဲ့ကြောင်း စိစစ်သိရှိရသည်။

ဆေးသောက်ပြီး ကလေးများအသိစိတ်ကင်းမဲ့နေချိန်တွင် ကလေးတစ်ဦးအား ၎င်းမှ လိင်တူဆက်ဆံခဲ့ပြီး ကျန်ကလေးနှစ်ဦးကို ကလေးအချင်းချင်း လိင်တူဆက်ဆံခိုင်းကာ ဗီဒီယိုဖိုင်များရိုက်ကူးခဲ့ကြောင်း၊ ကလေးများက မျိုးမင်းထွန်း(ခ)ဖိုးသား၏ အိမ်သို့ကျောင်းပိတ်ရက်များတွင် သွားရောက်ညအိပ်ခဲ့ရာ ရက်ပေါင်း ၂၀ ခန့် ညအိပ်ခဲ့ဖူးကြောင်း၊ ထိုအချိန်တိုင်းတွင် မျိုးမင်းထွန်း(ခ)ဖိုးသားက အလားတူဆောင်ရွက်ခဲ့ပြီး ဗီဒီယိုဖိုင်များအကြိမ်ကြိမ်ရိုက်ကူးကာ Telegram အကောင့်ဖွင့်၍ Member ဝင်များထံမှ အခကြေးငွေများရယူ၍ရောင်းချခဲ့ကြောင်း စိစစ်သိရှိရသည့်အတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အင်းစိန်မြို့မရဲစခန်း (ပ)၁၆၉/၂၀၂၆ နှင့်(ပ)၁၇၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ တို့ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင်လ ၂၇ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ တရားခံ မျိုးမင်းထွန်း(ခ) ဖိုးသားကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အမှုတစ်မှုချင်းစီအတွက် အလုပ်နှင့်ထောင်ဒဏ် ၂၀ နှစ်စီ သီးခြားကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

➡ ကျောဖုံးမှအဆက်

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အလယ်ကျေးရွာနေ အောင်ဝင်း(၂၇)နှစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်စမ်းရပ်ကွက်နေ သိန်းရွှေ(၆၂)နှစ်နှင့် ထန်းတပင်မြို့နယ်၊ အေးမြို့ရွာနေ ဘကျော်(၄၇)နှစ်တို့ လိုက်ပါလာသော TOYOTA IPSUM မော်တော်ယာဉ်နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ (၉)ရပ်ကွက်နေ ဇော်အောင် ၄၉ နှစ် မောင်းနှင်ပြီး ညောင်တုန်းမြို့နယ်၊ အင်းမရွာနေ သက်ဇင် (ခ)အောင်အောင် ၅၀ နှစ်၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်နေ မောင်အေးလှိုင်(၅၅)နှစ်တို့ လိုက်ပါလာသော TOYOTA CALDINA မော်တော်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁၉၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၈၀၀) ဖမ်းဆီးရမိသဖြင့် ယင်းတို့ ၇ ဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသိရသည်။

ထို့ပြင်ဇူလိုင်လ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်းတွင် လမ်းလျှောက်လာသူ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၁၁)ရပ်ကွက်နေ ကောင်းထိုက်ကျော် (၃၇)နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၄၅ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၇ သိန်း)၊ ကက်တမင်း ၁၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၆ သိန်း)နှင့် အက်တက်စီဆေးပြား ၁၀ ပြား (တစ်ပြားလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅ သိန်း) ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ (၉၃)ရပ်ကွက်၊ ကျွန်းရွှေဝါလမ်းတွင် လမ်းလျှောက်လာသူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄) ရပ်ကွက်နေ စည်သူကျော်(၃၉)နှစ်ထံမှ ကက်တမင်း ၅၀၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀)ကိုလည်းကောင်း၊ ဆက်လက်၍ ည ၆ နာရီတွင် သန်လျင်မြို့နယ်၊ ဘုရားကုန်းရွာနေ မလှသန္တာ(၃၅)နှစ်ထံမှ စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၄၃၀၀ ပြား (တစ်ပြားလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၁၅၀)ကိုလည်းကောင်း၊ စုစုပေါင်း ငွေကျပ်သိန်း ၂၄၈၈ တန်ဖိုး ဖမ်းဆီးရမိခဲ့သဖြင့် ကောင်းထိုက်ကျော်၊ စည်သူကျော်နှင့်မလှသန္တာတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

**မြဝတီ**

## ☽ ရေကြီးခြင်းမှ

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်အလိုတွင် ရောက်ရှိနေသည်၊ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့၊ ပဲခူးမြို့၊ ဆိပ်သာမြို့၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ တင်အေး**

**ကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း)၊**

**ဝန်ကြီး(ငြိမ်း)၊ အလုပ်သမားဝန်ကြီးဌာန**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ (ဒေါ်ခင်ခင်စိန်)၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ တင်အေး(ငြိမ်း)သည် ၂၉-၇-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီ ၅၁ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

**ပျောက်ဆုံးကြောင်း**

ဇော်ဇော်လှိုင်(ဘ)ဦးတင်လှိုင် ၁၃/လရန(နိုင်)၁၅၆၀၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

အေးမိစံ(ဘ)ဦးစံသိန်း ၁၂/သလန(နိုင်)၁၈၈၈၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 991490)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

မအားဟွာ(ဘ)ဦးကျော်ဘို ၁၃/ကတန(နိုင်)၁၅၀၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 389284)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၈၀၃၁၁၃၄

**ဖခင်အမည်မှန်**

ပဲခူးမြို့နယ်၊ ဘုရားကြီး၊ အ.ထ.က၊ G-12 မှ မောင်ထွန်းသာအေး၏ ဖခင်အမည်မှန်မှာ စောထူးဂေဖြစ်ပါကြောင်း။

စောထူးဂေ

**ဖခင်အမည်မှန်**

ပဲခူးမြို့၊ အ.ထ.က(၅)ကျောင်း၊ Grade-10 မှ မောင်ကောင်းထက်ဇော်၏ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဦး ၇/ကဝန(နိုင်)၀၉၄၈၃၇ ဖြစ်ပါကြောင်း။

ဦးမျိုးဇော်ဦး

**အမည်ပြောင်း**

နေပြည်တော်၊ တောင်ညိုကျေးရွာ အ.ထ.က (ခွဲ)မရမ်းခုံတွင် ပညာသင်ကြားနေသော အဘ ဦးစိုင်းဝသန်မင်း ၉/ခမစ(နိုင်)၁၁၈၅၀၃ ၏ သမီး မသင်းလဲ့နှင်းအား မသွန်းသန္တာမင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မသွန်းသန္တာမင်း

**ပျောက်ဆုံးကြောင်း**

မျိုးသီဟကျော်(ဘ)ဦးမျိုးဦး ၁၂/ဒဂမ(နိုင်)၀၆၁၀၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 810284)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၄၆၆၇၈၃၃

**ပျောက်ဆုံးကြောင်း**

ငွေငွေဝင်း(ဘ)ဦးမြသန်း ၈/မလန(နိုင်)၁၁၁၆၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၇၀၅၈၂၈

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အ.ထ.က(၁)၊ Grade(12)၊ အခန်း(B) တွင် ပညာသင်ကြားနေသော မနှင်းနန္ဒာကျော်၏ဖခင်အမည်မှန်မှာ ၁၄/ဖပန(နိုင်)၁၂၃၂၈၇ ကိုင်ဆောင်သူ ဦးကျော်စန်းဦးဖြစ်ပါကြောင်း။

ဦးကျော်စန်းဦး

**ပျောက်ဆုံးကြောင်း**

သိန်းထိုက်စံ(ဘ)ဦးကျော်လှ ၈/မဘန(နိုင်)၁၀၆၈၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၇၀၅၈၂၈

**ပျောက်ဆုံးကြောင်း**

စန်းစန်းရီ(ဘ)ဦးညို ၉/တသန(နိုင်)၁၆၇၄၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**အလိမ္မာစာမှာရှိ**


# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ ဖိတ်ခေါ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်



ဘားအံ ဇူလိုင် ၂၉

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ ဖိတ်ခေါ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် YBZ အသင်းနှင့် Garden Street အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲအပြီးတွင် Garden Street အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

အဆိုပါ ဗိုလ်လုပွဲကို ဇူလိုင်လ ၂၇ ရက် မွန်းလွဲ ၂ နာရီက ဘားအံမြို့ အမှတ်(၅) ရပ်ကွက်ရှိ ပြည်နယ်ဖူဆယ်အားကစားခန်းမ၌ ကျင်းပခဲ့ပြီး အားကစားဝါသနာရှင် ဒေသခံများနှင့်အတူ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဖြစ်မြောက်ရေး ဝိုင်းဝန်းကူညီပေးကြသည့် ဒိုင်အဖွဲ့နှင့် လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆု၊ အကောင်းဆုံးဂိုးသမားဆုနှင့်အကောင်းဆုံး အားကစားသမားဆုရရှိကြသူများ၊ ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့်အသင်းများကို တစ်ဦးချင်းဂုဏ်ပြုလည်ဆွဲများ၊ ငွေသားဆုများနှင့် ဆုဖလားတို့ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တိုက်စစ်မှူးသန်းပိုင် ဖိလစ်ပိုင်အသင်းနှင့်ပွဲတွင် အကောင်းဆုံးကစားသမားဆုရရှိ

ရန်ကုန် ဇူလိုင် ၂၉

အာဆီယံ ဖွတ်ဒိုင်းဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ဇူလိုင်လ ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဖိလစ်ပိုင်အသင်းနှင့်ပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်ကစားသမား တိုက်စစ်မှူးသန်းပိုင်သည်ပွဲစဉ်တစ်လျှောက် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သဖြင့် အကောင်းဆုံးကစားသမားဆု (Man of the Match) ဆွတ်ခူးရရှိခဲ့သည်။




အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူးသန်းပိုင်သည် မြန်မာအသင်း၏ တိုက်စစ်ပိုင်းကို ဦးဆောင်ကာ ခြေစွမ်းပြကစားခဲ့ပြီး ပွဲချိန် ၂၈ မိနစ်နှင့် ၈၃ မိနစ်တို့တွင် မြန်မာအသင်းအတွက် အရေးပါသောဦးဆောင်ဂိုးများကို သွင်းယူပေးခဲ့သည်။

သန်းပိုင်သည် မြန်မာ့လက်ရွေးစင်အသင်း၏ ပွဲထွက် ၁၁ ဦးစာရင်းတွင် ပုံမှန်ပါဝင်ခွင့်ရရှိနေသူဖြစ်ပြီး အသင်းအတွက် အဓိကအဆုံးအဖြတ်သွင်းဂိုးများကိုသွင်းယူပေးလျက်ရှိသည်။

မြန်မာအသင်းသည် ယခုပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ရေး မျှော်လင့်ချက် ပိုမိုအားကောင်းလာခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-AFF**

### ▲ မြန်မာယူ - ၁၂ မှ

အဆိုပါ U-12 Junior Soccer World Challenge 2026 ပြိုင်ပွဲအတွက် မြန်မာယူ-၁၂ ကစားသမားရွေးချယ်ပွဲများကို ရန်ကုန်အမျိုးသားဘောလုံးအကယ်ဒမီနှင့် မန္တလေး မြန်မာဘောလုံးအကယ်ဒမီတို့တွင် ဇူလိုင်လ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပခဲ့ပြီး ပဏာမကစားသမား ၂၃ ဦးစာရင်းကိုထုတ်ပြန်ခဲ့ကာ ဇူလိုင်လ ၂၅ ရက်တွင် လေ့ကျင့်ခန်းအစီအစဉ်များစတင်ဆောင်ရွက်လျက်ရှိသည်။

U-12 Junior Soccer World Challenge 2026 ပြိုင်ပွဲတွင် မြန်မာယူ-၁၂ အသင်းသည် Group(I)တွင် ကျရောက်လျက်ရှိပြီး ဂျပန်လူငယ်အသင်းသုံးသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ပွဲများကို ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် Urawa Red Diamond Junior အသင်း၊ ဩဂုတ်လ ၂၂ ရက်တွင် FC Liberta fukuoka U-12 အသင်း၊ ဩဂုတ်လ ၂၂ ရက်တွင် Bellmare FC အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယခုနှစ်ပြိုင်ပွဲသည် စတုတ္ထအကြိမ်မြောက် သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

# ISPE အသင်း ရန်ကုန်စီးတီးအသင်းကို ဂိုးပြတ်သွင်းအနိုင်ယူပြီး အမှတ်ပေးဇယား၌ ဆက်လက်ဦးဆောင်

ရန်ကုန် ဇူလိုင် ၂၉

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲပွဲစဉ်(၇)နောက်ဆုံးနေ့ပွဲစဉ်တစ်ပွဲဖြစ်သည့် ISPE အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာကွင်း၌ယှဉ်ပြိုင်ကစားကြရာ အမှတ်ပေးဇယားထိပ်ဆုံးမှ ISPE အသင်းက ၈ ဂိုး ဂိုးမရှိဖြင့် ရန်ကုန်စီးတီးအသင်းကို ဂိုးပြတ်သွင်းအနိုင်ယူပြီး အမှတ်ပေးဇယားအဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်ထားသည်။

ပြီးခဲ့သည့်ပွဲစဉ်(၆)တွင် ISPE အသင်းသည် ရတနာပုံအသင်းနှင့်ဂိုးမရှိသရေဖြစ်ခဲ့ပြီး အမှတ်ပြည့်ရရှိခဲ့ခြင်းမရှိ၍ ယနေ့ပြိုင်ပွဲ အနိုင်ရရှိရေးပွဲစကတည်းက ပြိုင်ဘက်အသင်းကို တိုက်စစ်ဖွင့် ဖိအားပေးကစားခဲ့သည်။ ရန်ကုန်စီးတီးအသင်းသည် နိုင်ပွဲပျောက်ဆုံးနေသော်လည်း ယနေ့တွင် အင်အားကြီးအသင်းနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရ၍ ဂိုးရရှိဖို့ထက် ဦးဆောင်ဂိုးမပေးရရေး ကြိုးစားယှဉ်ပြိုင်ခဲ့ရသည်။

ရန်ကုန်စီးတီးအသင်း ခံစစ်ကိုဦးစားပေး အကောင်းဆုံးဟန့်တားကာကွယ်ခဲ့သော်လည်း တိုက်စစ်အားကောင်းသည့် ISPE အသင်း၏ ဦးဆောင်ဂိုးကို ပွဲကစားချိန် ၃ မိနစ်တွင် ဟေမာန်စိုးကသွင်းယူခဲ့ပြီး ပွဲကစားချိန် ၇ မိနစ်တွင် ဆုပြည့်ပြည့်ကျော်က ဒုတိယဂိုးနှင့် ပွဲကစားချိန် ၃၈ မိနစ်တွင် မီမီဇင်က တတိယဂိုးတို့ကိုသွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် ISPE အသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်လည်း ISPE အသင်း၏ တိုက်စစ်ကသာ ပွဲကိုဦးဆောင်စိုးမိုးထားသည့်အတွက် ရန်ကုန်စီးတီးအသင်း နောက်တန်းနှင့်ဂိုးသမားတို့အခက်ကြုံခဲ့ရသည်။ ISPE အသင်းသည် ပြိုင်ဘက်ဂိုးဧရိယာအတွင်း အကြိမ်ကြိမ်ထိုးဖောက်ဝင်ရောက်ပြီး ဂိုးသွင်းခွင့်ဖန်တီးခဲ့ရာ ပွဲကစားချိန် ၆၉ မိနစ်တွင် သဥ္ဇာချိုက စတုတ္ထဂိုး၊ ပွဲကစားချိန် ၇၁ မိနစ်တွင် ငြိမ်းငြိမ်းဖြိုးက ပဉ္စမဂိုး၊ ပွဲကစားချိန် ၇၈ မိနစ်တွင် ဟေမာန်စိုးက ဆဋ္ဌမဂိုး၊ ပွဲကစားချိန် မိနစ် ၉၀ နှင့် ၉၀+၂ မိနစ်တွင် လင်းမြင့်မိုရ်က သတ္တမဂိုးနှင့် အဋ္ဌမဂိုးတို့ကို သွင်းယူနိုင်ခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ISPE အသင်းက ၈ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

ပွဲစဉ်(၇)နောက်ဆုံးနေ့ပွဲစဉ်တစ်ပွဲဖြစ်သည့် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယနေ့ညနေပိုင်းတွင် TF-1 ၌ ယှဉ်ပြိုင်ကစားကြရာ သစ္စာအားမာန်အသင်းက ၃ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ ယင်းအနိုင်ဂိုးများကို ပွဲကစားချိန် ၃၂ မိနစ်တွင် မြတ်နိုးခင်၊ ပွဲကစားချိန် ၃၇ မိနစ်တွင် ယွန်းဝတီနှင့် ပွဲကစားချိန်မိနစ် ၅၀ တွင် ခင်စန်းလွင်တို့က အသီးသီးသွင်းယူခဲ့ကြသည်။

**ဝန်းရံခ**

### ❍ အမျိုးသမီးဘောလုံးမှ

ထုတ်ပြန်ခဲ့ရာ မြန်မာအသင်းသည် အဖွင့်ပွဲစဉ်အဖြစ် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၄ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် Osaka မြို့ရှိ Nagai Stadium ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ထို့နောက် ဒုတိယပွဲစဉ်အဖြစ် စက်တင်ဘာလ ၁၇ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့်လည်းကောင်း၊ တတိယပွဲစဉ်ကို စက်တင်ဘာလ ၂၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့်လည်းကောင်း Osaka မြို့ရှိ Nagai Stadium ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါ အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်း ၁၂ သင်းပါဝင်ပြီး အုပ်စုသုံးစုခွဲယှဉ်ပြိုင်ရမည်ဖြစ်ကာ အုပ်စုတစ်စုစီမှ အဆင့်(၁)နှင့်အဆင့်(၂)ရရှိသည့် အသင်းများအပြင် တတိယနေရာရအသင်းများအနက်မှ အကောင်းဆုံးအသင်းနှစ်သင်း စုစုပေါင်းရှစ်သင်းသည် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

**ဝန်းရံခ**

# မန်စီးတီးအသင်းက အဓိကခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ဂါဗာဒီလိုအား ၂၀၃၁ ခုနှစ်အထိ ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆို

မန်ချက်စတာ ဇူလိုင် ၂၉

မန်စီးတီးအသင်းက အဓိကခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ဂါဗာဒီလိုအား ၂၀၃၁ ခုနှစ်အထိ ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် ဂါဗာဒီလိုသည် ၂၀၂၃ ခုနှစ်က လိုက်ပဇစ်အသင်းမှ မန်စီးတီးအသင်းထံ ပြောင်းရွှေ့ကစားပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လက်ရှိ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ အကောင်းဆုံးခံစစ်ကစားသမားများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

မန်စီးတီးအသင်းနှင့် ဂါဗာဒီလိုတို့စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့သည့်အတွက် မန်စီးတီးအသင်းက အဓိကခံစစ်ကစားသမားတစ်ဦးကို လက်မလွှတ်လို၍ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာမှ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဂါဗာဒီလိုသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားလိုနေပြီး ရီးယဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ မန်စီးတီးအသင်းက ဂါဗာဒီလိုအား ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

မန်စီးတီးအသင်းက ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ဂါဗာဒီလိုနှင့်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ ဂါဗာဒီလိုသည် မန်စီးတီးအသင်းနှင့်အတူ ဘောလုံးရာသီသုံးရာသီအတွင်း ပြိုင်ပွဲစုံ ၁၂၂ ပွဲအထိ ပါဝင်ကစားပေးထားပြီး ၁၃ ဂိုးသွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။ *Ref:Fabrizio Romano*

# အီတလီအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် နည်းပြဟောင်း မန်စီနီအား ပြန်လည်ခန့်အပ်

ရောမ ဇူလိုင် ၂၉

အီတလီအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် နည်းပြဟောင်း မန်စီနီအား ပြန်လည်ခန့်အပ်ခဲ့ကြောင်း သိရသည်။

အီတလီအသင်းသည် ပြီးခဲ့သည့် ၂၀၁၈၊ ၂၀၂၂ နှင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် သုံးကြိမ်ဆက် ဝင်ခွင့်နှင့်လွဲချော်ခဲ့ပြီးနောက် အသင်းကို ကြီးကြီးမားမားအပြောင်းအလဲများလုပ်ဆောင်နေပြီး အောင်မြင်မှုများပြန်လည်ရရှိနိုင်ရန် နည်းပြဟောင်း မန်စီနီအား ပြန်လည်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အစောပိုင်းက အီတလီအသင်းနည်းပြသစ်အဖြစ် အသင်းဂန္တဝင်ကစားသမားတစ်ဦးဖြစ်သည့် ပီယာလိုအားခန့်အပ်ရန် သဘောတူညီမှုရရှိထားသော်လည်း နည်းပြ ပီယာလိုအနေဖြင့် လောင်းကစားကုမ္ပဏီတစ်ခုတွင် သံတမန်အဖြစ်ဆောင်ရွက်ခဲ့သည်ဟု သတင်းများထွက်ပေါ်ပြီးနောက် နည်းပြပီယာလိုအား ခန့်အပ်မည့်အစီအစဉ်ကို ပြန်လည်ဖျက်သိမ်းခဲ့သည်။

ထို့ပြင် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြသစ်အဖြစ် မန်စီးတီးအသင်းနှင့်လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြ ဂွါဒီယိုလာနှင့် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့သော်လည်း လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေခဲ့သည့်အတွက် နည်းပြ မန်စီနီအား ပြန်လည်ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၆၁ နှစ်အရွယ် နည်းပြမန်စီနီသည် အီတလီအသင်းကို ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့ဖူးပြီး ယူရို ၂၀၂၀ ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုများရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

*Ref:Topskillsports UK*



# လာမည့်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လူစားလဲသည့်စည်းမျဉ်းအပါအဝင် စည်းမျဉ်းအသစ်များ အသုံးပြုမည်




လန်ဒန် ဇူလိုင် ၂၉

ပရီးမီးယားလိဂ်အဖွဲ့ချုပ်က လာမည့်ဘောလုံးရာသီမှစတင်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လူစားလဲသည့်စည်းမျဉ်းအပါအဝင် စည်းမျဉ်းအသစ်များကို စတင်အသုံးပြုမည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ အစောပိုင်းက ပွဲချိန်အတွင်း လူစားလဲရာတွင် အချိန်ကန့်သတ်ချက်မရှိ လုပ်ဆောင်နိုင်ခဲ့သော်လည်း လာမည့်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ စည်းမျဉ်းသစ်အရ လူစားလဲခံရသည့်ကစားသမားများသည် ကွင်းအတွင်းမှ ၁၀ စက္ကန့်အတွင်း ကွင်းပြင်သို့ထွက်ခွာရမည်ဖြစ်ပြီး သတ်မှတ်ချိန်ထက်ကျော်လွန်မည်ဆိုပါက ပြစ်ဒဏ်အဖြစ် လူစားဝင်မည့်ကစားသမားအနေဖြင့် ကွင်းပြင်ပ၌ တစ်မိနစ်ကြာ စောင့်ဆိုင်းရမည်ဖြစ်သည်။

အလားတူ ပွဲချိန်လေလွင့်မှုများမရှိစေရန် ကွင်းအတွင်း ဒဏ်ရာရရှိသည့်ကစားသမားအနေဖြင့် ဆေးကုသမှုခံယူပြီးလျှင် အစောပိုင်းက ကွင်းပြင်ပသို့ ထွက်ခွာ၍ ကွင်းအတွင်းသို့ ချက်ချင်းဝင်ရောက်ကစားနိုင်သော်လည်း စည်းမျဉ်းသစ်အရ ချက်ချင်း ကွင်းအတွင်းသို့ ဝင်ရောက်ကစားနိုင်မည်မဟုတ်ဘဲ ကွင်းပြင်ပ၌ တစ်မိနစ်ကြာ စောင့်ဆိုင်းပြီးမှသာ ကွင်းအတွင်းဝင်ရောက်ကာ ဆက်လက်ကစားခွင့်ရရှိမည်ဖြစ်သည်။

အလားတူ လက်ပစ်ဘောစည်းမျဉ်းတွင်လည်း အစောပိုင်းက လက်ပစ်ဘောရရှိပါက လက်ပစ်ဘောမြှောက်မည့်ကစားသမားအနေဖြင့် ဘောလုံးကို အချိန်ကြာမြင့်စွာ ကိုင်ဆောင်ထားနိုင်သော်လည်း စည်းမျဉ်းသစ်အရ ဘောလုံးကို လက်အတွင်း ငါးစက္ကန့်သာ ကိုင်ဆောင်ခွင့်ရှိမည်ဖြစ်ပြီး ငါးစက္ကန့်ထက်ကျော်လွန်ပါက ပြိုင်ဘက်အသင်းကို လက်ပစ်ဘောမြှောက်ခွင့်ပေးရမည်ဖြစ်သည်။

အလားတူ ဂိုးလွန်ဘောစည်းမျဉ်းတွင်လည်း အစောပိုင်းက ဂိုးသမားများအနေဖြင့် ဘောလုံးကို အချိန်အကန့်အသတ်မရှိ လက်ဖြင့် ကိုင်ထားနိုင်သော်လည်း စည်းမျဉ်းသစ်အရ ဂိုးသမားများအနေဖြင့် ငါးစက္ကန့်သာ လက်အတွင်း ထားရှိရမည်ဖြစ်ပြီး ကန့်သတ်ချိန်ထက် ကျော်လွန်ပါက ပြိုင်ဘက်အသင်းကို ထောင့်ကန်ဘောအဖြစ် သတ်မှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

*Ref:365Scores*

## လက်ရှိကစားသမား အပြောင်းအရွှေ့ကာလ သတင်းအတိုများ

- လီဗာပူးအသင်းက အသင်းခံစစ်ပိုင်းအတွက် အေစီမီလန်အသင်းမှ ခံစစ်ကစားသမား တိုမိုရီအားခေါ်ယူရန် စီစဉ်နေပြီး ပီအက်စ်ဂျီအသင်းမှ တိုက်စစ်ကစားသမား ဘာကိုလာအား စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်သည့် ယူရို သန်း ၁၅၀ ဖြင့်ခေါ်ယူရန် ဆွေးနွေးနေကြောင်း သိရသည်။
- ရီးယဲလ်မက်ဒရစ်အသင်း လူငယ်တိုက်စစ်ကစားသမား မက်စတန်တူနိုက အသင်း၌ ပွဲထွက်ကစားခွင့်နည်းပါးနေသည့်အတွက် လက်ရှိ အပြောင်းအရွှေ့ကာလတွင် အသင်းဟောင်း ရေးဗားပလိတ်အသင်းထံ ပြန်လည်ပြောင်းရွှေ့ကစားရန် ကြိုးပမ်းနေသည်။
- အက်စ်တွန်ဗီလာအသင်းက ချယ်လ်ဆီးအသင်းမှ တိုက်စစ်ကစားသမား နီကိုလက်ဂျက်ဆင်အား ကနဦး တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆွေးနွေးနေသည်။
- လိုင်ယွန်အသင်းက ဂျူဗင်တပ်စ်အသင်းမှ တိုက်စစ်ကစားသမား အော့စပန်ဒါအား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ကြောင်း အတည်ပြုကြေညာခဲ့သည်။
- ရီးယဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်ကွင်းလယ်ကစားသမား ဆီဘယ်လော့အား ဘတ်တစ်အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့သည်။

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကိုဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံး အရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်)ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒနှင့်ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


NAY PYI TAW
"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အရွမ်း"
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၁၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၉-၇-၂၀၂၆

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မာန်အောင် | ၅ | ဒသမ | ၉၄ | လက်မ | ဒေးဒရဲ | ၅ | ဒသမ | ၁၃ | လက်မ |
| ကျိုက်လတ် | ၅ | ဒသမ | ၉၀ | လက်မ | ဘိုကလေး | ၅ | ဒသမ | ၀၀ | လက်မ |
| မော်လမြိုင်ကျွန်း | ၅ | ဒသမ | ၅၅ | လက်မ | မှော်ဘီ | ၄ | ဒသမ | ၇၂ | လက်မ |
| ရန်ကုန် | ၅ | ဒသမ | ၅၁ | လက်မ | (စိုက်ပျိုးရေးမိုးလေဝသ) | | | | |
| (မင်္ဂလာဒုံမြို့နယ်) | | | | | ခရမ်း | ၄ | ဒသမ | ၆၉ | လက်မ |
| အင်္ဂပူ | ၅ | ဒသမ | ၃၈ | လက်မ | မအူပင် | ၄ | ဒသမ | ၆၀ | လက်မ |

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် ၂၀ ဦးနှင့် PDF အမည်ခံအဖွဲ့ဝင် ၁၂ ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်

စာ - ၁၁ သို့



တပ်မတော်စစ်ကြောင်းများက ဘုတ်ကန်စံပြကျေးရွာရှိ ပညာဘဏ်စာကြည့်တိုက်အား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

## တပ်မတော်စစ်ကြောင်းများက ကလေး- တမူး လမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တမူးမြို့နယ်၊ ဘုတ်ကန်စံပြကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိ

နေပြည်တော် ဇူလိုင် ၂၉

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး-တမူးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရန် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်မြို့/ရွာများအား တစ်ခုပြီးတစ်ခုပြန်လည်သိမ်းပိုက်ရရှိရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism Operation)လုပ်ငန်းများ၊ နယ်မြေလုံခြုံရေးလုပ်ငန်းများကို မနေမနား အားသွန်ခွန်စိုက် သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ❐

## (၂၀)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းနှင့် တောင်ကိုရီးယားအသင်း အုပ်စုအဖွင့်ပွဲစဉ်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၂၉

ဂျပန်နိုင်ငံ၌ကျင်းပမည့် (၂၀)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲ(20th Asian Games 2026) အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် တောင်ကိုရီးယားအသင်းနှင့် အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ယှဉ်ပြိုင်ရမည့်အုပ်စု(ဘီ)တွင် မြန်မာအသင်း၊ တောင်ကိုရီးယားအသင်း၊ မြောက်ကိုရီးယားအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ပါဝင်နေပြီး ပွဲစဉ်ဇယားနှင့် ကျင်းပမည့်ကွင်းများ စာမျက်နှာ ၂၆ ကော်လံ ၄ ❍



## မြန်မာယူ - ၁၂ အသင်း အုပ်စုတွင်းပြိုင်ဘက်များအဖြစ် ဂျပန်အသင်းများနှင့်တွေ့ဆုံ



ရန်ကုန် ဇူလိုင် ၂၉

ဂျပန်နိုင်ငံကအိမ်ရှင်အဖြစ်နှစ်စဉ်ကျင်းပသည့် U-12 Junior Soccer World Challenge 2026 ပြိုင်ပွဲသို့ မြန်မာယူ-၁၂ အသင်း သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၂၆ ကော်လံ ၄ ▲

## ISPE အသင်း ရန်ကုန်စီးတီးအသင်းကို ဂိုးပြတ်သွင်းအနိုင်ယူပြီး အမှတ်ပေးဇယား၌ ဆက်လက်ဦးဆောင်

စာ - ၂၆ သို့



## တိုက်စစ်မှူးသန်းပိုင် ဖိလစ်ပိုင်အသင်းနှင့်ပွဲတွင် အကောင်းဆုံးကစားသမားဆုရရှိ

စာ - ၂၆ သို့

## ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇူလိုင် ၂၉

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေကျော်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

စာမျက်နှာ ၂၅ ကော်လံ ၄ ⊃



တရားခံ အေးလှိုင်၊ ဘကျော်၊ သိန်းရွှေ၊ ကျော်မြင့်သန်း၊ အောင်ဝင်း၊ သက်ဇင်(ခ) အောင်အောင်၊ ဇော်အောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့် အတူ တွေ့ရစဉ်။

## မရမ်းကုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၃၈၀၀ တန်ဖိုး၊ မရမ်းကုန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)နှင့် သန်လျင်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၂၄၈၈ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၉

မရမ်းကုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၃၈၀၀ တန်ဖိုး၊ မရမ်းကုန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) နှင့် သန်လျင်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၂၄၈၈ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၂၅ ရက် နံနက် ၁၁ နာရီတွင် သတင်းအရ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အင်းစိန်လမ်းမကြီးတွင် မင်္ဂလာဒုံမြို့နယ်၊ အနောက်ပိုင်းကျေးရွာနေ ကျော်မြင့်သန်း(၃၅)နှစ် မောင်းနှင်ပြီး စာမျက်နှာ ၂၅ ကော်လံ ၄ ➡

## ကူမာမိုတိုလျှင်လှုပ်မှု လူ ၁၃ ဦးသေဆုံး နောက်ဆက်တွဲလျှင် အကြိမ် ၁၀၀ ကျော် လှုပ်ခတ်

စာ - ၂၄ သို့